# မှတ်ချက်

## 1 ကျောင်းတွင်း အကြမ်းဖက်မှု

- ကျောင်းတွင်း အကြမ်းဖက်မှုဆိုသည်မှာ ကျောင်းပရဝုဏ်တွင်းဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ ကျောင်းသားများအား ဆန့်ကျင်ကျူးလွန်ပြီး တိုက်ခိုက်ခြင်း၊ ရိုက်နှက်ခြင်း၊ ပိတ်လှောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ အလိုမတူ ဖမ်းဆီးခြင်း၊ အသရေဖျက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ ငွေညှစ်ခြင်း၊ ခြိမ်းခြောက်ဖိအားပေးခြင်း၊ အတင်းအဓမ္မ စေခိုင်းခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အနိုင်ကျင့်ခြင်း သို့မဟုတ် ဆိုင်ဘာပေါ်မှ အနိုင်ကျင့်ခြင်း မှတဆင့် ကိုယ်လက်အင်္ဂါ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒါဏ်ရာရစေခြင်း သို့မဟုတ် အဆောက်အဦးများ ပျက်စီးစေခြင်း၊ သို့မဟုတ် အချက်အလက် နှင့် ပြောဆိုဆက်သွယ်ရေးကွန်ရက်တစ်ခုမှတဆင့် မမြင်အပ်ဖွယ် သို့မဟုတ် အကြမ်းဖက် အချက်အလက်များလုပ်သည့် လုပ်ဆောင်မှုတစ်ခုခုဟု ဆိုလိုပါသည်။

## 2 အရေးပေါ် အစီအမံများ

- သဘောတရားအားဖြင့် ကျောင်းတွင်း အကြမ်းဖက်မှုတစ်ခုပေါ်ပေါက်သည်ဟု သတိပေးပါက သို့မဟုတ် အစီရင်ခံပါက ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ရန် ဆွေးနွေးညှိနှိုင်းသည့် ကော်မီတီတစ်ခုက အမှုကိစ္စကို စဉ်းစားဆွေးနွေးပြီး သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသားများအပေါ် အရေးယူမှုများ ပြုလုပ်ပါသည်။ သို့ပါသော်လည်း သက်ဆိုင်ရာကျောင်း၏ ကျောင်းအုပ်က သားကောင်ဖြစ်သူ ကျောင်းသားအား ကာကွယ်ရန် သို့မဟုတ် ကျူးလွန်သည့်ကျောင်းသားကို လမ်းညွှန်ပေးရန် လက်ငင်းအရေးယူမှုတစ်ခုလိုအပ်သည်ဟု ဆုံးဖြတ်ပါက အရေးယူမှုကို ဦးစားပေးမှုအလိုက် လုပ်ဆောင်နိုင်ပါသည်။

## 3 ကျောင်းတွင်း အကြမ်းဖက်မှုအတွက် အထူးအဖွဲ့

- ၎င်းက ကျောင်းတွင်း အကြမ်းဖက်မှုဆိုင်ရာ ပြဿနာများအတွက် အထူးတာဝန်ရှိသည့် အဖွဲ့တစ်ခုဖြစ်ပြီး ယင်းအတွင်း ဒု-ကျောင်းအုပ်၊ ကျောင်း တိုင်ပင်အကြံပေးရေး အထူးကျွမ်းကျင်သူ၊ ကျန်းမာရေးပိုင်းဆိုင်ရာ ဆရာ/မ၊ တာဝန်ရှိ ဆရာ/မ တစ်ဦး (ကျောင်းတွင်း အကြမ်းဖက်မှုဆိုင်ရာ ပြဿနာများအတွက် တာဝန်ခံသည့် ဆရာ/မ တစ်ဦး) နှင့် ကျောင်းသားမိဘများ ပါဝင်ပါသည်။
- ကျောင်းတွင်း အကြမ်းဖက်မှုတစ်ခုပေါ်ပေါက်သည်ဟု သတိပေးပါက သို့မဟုတ် အစီရင်ခံပါက ကျောင်းတွင်း အကြမ်းဖက်မှုဆိုင်ရာ အထူးအဖွဲ့ (သို့မဟုတ် အဖွဲ့တွင်း ပါဝင်သည့် သင်ကြားရေးဝန်ထမ်းအဖွဲ့ဝင်) က ထိခိုက်မှုများ နှင့် အကြမ်းဖက်လုပ်ဆောင်မှုကို ခွဲခြားဖော်ထုတ်ရန် အမှုကို စုံစမ်းစစ်ဆေးပါသည်။ အမှုအား သက်ဆိုင်ရာကျောင်း၏ ကျောင်းအုပ်ကြီးမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် ဖြေရှင်း နိုင်မနိုင် သို့မဟုတ် ကျောင်းတွင်းအကြမ်းဖက်မှုကို ကိုင်တွယ်ရန် ဆွေးနွေးညှိနှိုင်းရေး ကော်မီတီ အစည်းအဝေးခေါ်ဆိုမှုတစ်ခု လိုအပ်မလိုအပ် ဆုံးဖြတ်ရန် ယင်းလုပ်ဆောင်မှုကို ဆွေးနွေးညှိနှိုင်းမှုတစ်ခုဖြင့် နောက်ဆက်တွဲလိုက်ပါသည်။

## 4 ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းမှု

- သားကောင်ဖြစ်သူ ကျောင်းသားတစ်ဦး နှင့် သူ/သူမ၏ အုပ်ထိန်းသူက ဆွေးနွေး ညှိနှိုင်းရေးကော်မီတီအစည်းအဝေး ကျင်းပရန်မလိုလားဘဲ ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းရန်အတွက် အခြေအနေရပ်အားလုံး ကိုက်ညီသည့် အသေးစား ကျောင်းတွင်း အကြမ်းဖက်မှုကိစ္စရပ်တွင် ကျောင်းအုပ်ကြီးအနေဖြင့် ကျောင်းတွင်း အကြမ်းဖက်မှု ကိစ္စရပ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းနိုင်ပါသည်။
- ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းသည့် ကိစ္စရပ်တွင် ပါဝင်သောကျောင်းသားများအကြား ဆက်ဆံရေး ပြန်လည်တည်ဆောက်မှုကို မြှင့်တင်ပေးရန် ပညာပေးအစီအစဉ် များကို အကောင်အထည်ဖော် နိုင်ပါသည်။

## 5 ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်သည့် ဆွေးနွေးညှိနှိုင်းရေးကော်မီတီ

- ယင်းက ကျောင်းတွင်းအကြမ်းဖက်မှုကို တားဆီးကာကွယ်ရန် နှင့် တိုက်ဖျက်ရန် တန်ပြန်အစီအမံများ၊ သားကောင်ဖြစ်သူ ကျောင်းသားအား ကာကွယ်ပေးရေး၊ ကျူးလွန်သည့်ကျောင်းသားအား လမ်းညွှန်ပေးရေး နှင့် စည်းကမ်းထိန်းသိမ်းအရေးယူမှု၊ နှင့် သားကောင်နှင့်ကျူးလွန်သူအကြား ပဋိပက္ခကို ကြားဝင်ဖြန်ဖြေပေးရေးတို့နှင့် စပ်လျဉ်းသည့် အရေးကိစ္စများအပေါ် ဆွေးနွေးညှိနှိုင်းသည့် ခရိုင်ပညာရေးရုံးအတွင်း ဖွဲ့စည်းထားသော တရားဝင်ကော်မီတီတစ်ခု ဖြစ်သည်။
- ဆွေးနွေးညှိနှိုင်းရေးကော်မီတီက ကျောင်းတွင်း အကြမ်းဖက်မှုကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းပြီး သားကောင်နှင့်ကျူးလွန်သူ ကျောင်းသားများနှင့် ဆက်စပ်ပြီး လုပ်ဆောင်ရမည့်အရေးယူမှုများကို ဆုံးဖြတ်ပါသည်။

# အကြောင်းအရာ

## I ကျောင်းတွင်း အကြမ်းဖက်မှု အမျိုးအစားများ နှင့် ယင်းအား တားဆီးကာကွယ်ရေး


၁။ ကျောင်းတွင်း အကြမ်းဖက်မှု အမျိုးအစားများ နှင့် ဥပမာများ ..... 03

၂။ ကျောင်းတွင်း အကြမ်းဖက်မှုရှိသည့် လက္ခဏာများ နှင့် ယင်းအား ကာကွယ်တားဆီးပုံ ..... 05


## II ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ခြင်း


၁။ ကျောင်းတွင်း အကြမ်းဖက်မှုကို အစီရင်ခံခြင်း ..... 07

၂။ အရေးပေါ် အစီအမံများ ..... 08

၃။ အမှုကိစ္စ စုံစမ်းစစ်ဆေးခြင်း ..... 09

၄။ ကျောင်းတွင်း အကြမ်းဖက်မှုအတွက် အထူးအဖွဲ့မှ ဆွေးနွေးညှိနှိုင်းခြင်း ..... 10

၅။ ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ရန် ဆွေးနွေးညှိနှိုင်းရေး ကော်မီတီမှ လူစုဝေးပြီး လုပ်ဆောင်မည့်အရေးယူမှုများ ..... 11

၆။ ဆက်ဆံရေး ပြန်လည်တည်ဆောက်ခြင်း နှင့် ပဋိပက္ခ ကြားဝင်ဖြန်ဖြေခြင်း ..... 14


## [နောက်ဆက်တွဲ]


၁။ ကျောင်းတွင်း အကြမ်းဖက်မှုကို အစီရင်ခံခြင်း နှင့် တွဲဖက် အဖွဲ့အစည်းများ ..... 15

၂။ ကျောင်းတွင်း အကြမ်းဖက်မှု၏သားကောင်များအား ထောက်ပံ့ကူညီရန် အဖွဲ့အစည်းများ ..... 16

# I ကျောင်းတွင်း အကြမ်းဖက်မှု အမျိုးအစားများ နှင့် ယင်းအား တားဆီးကာကွယ်ပုံ



## 1 ကျောင်းတွင်း အကြမ်းဖက်မှု အမျိုးအစားများ နှင့် ဥပမာများ

### ကျောင်းတွင်း အကြမ်းဖက်မှုဆိုသည်မှာ ဘာပါလဲ။

ကျောင်းတွင်း အကြမ်းဖက်မှုဆိုသည်မှာ ကျောင်းပရဝုဏ်တွင်းဖြစ်စေ ပြင်ပ၌ဖြစ်စေ ကျောင်းသားများအား ဆန့်ကျင်ကျူးလွန်ပြီး ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒါဏ်ရာတစ်ခု ရစေသည့် သို့မဟုတ် အဆောက်အအုံများအား ပျက်စီးစေသည့် လုပ်ဆောင်မှုတစ်ခုခုကို ဆိုလိုပါသည်။

※ ကျောင်းသားများမှ ထိခိုက်မှုမရှိသည့်ပျော်စရာအဖြစ် သတ်မှတ်ထားသော အသေးစား နှောင့်ယှက်မှု သို့မဟုတ် လုပ်ဆောင်မှုများကိုပင် ကျောင်းတွင်း အကြမ်းဖက်မှု အဖြစ် ခွဲခြားသတ်မှတ်နိုင်ပါသည်။

### ကျောင်းတွင်း အကြမ်းဖက်မှု အမျိုးအစားများ နှင့် ဥပမာများ

ကျောင်းတွင်း အကြမ်းဖက်မှု အမျိုးအစားများ နှင့် ဥပမာများကို အောက်တွင် စာရင်းဖော်ပြထားပါသည်။ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒါဏ်ရာရမှု၊ သို့မဟုတ် အဆောက်အအုံ ပျက်စီးမှု ကျန်ရှိစေသည့် အခြားလုပ်ဆောင်မှုများအား လုံးကိုလည်း ကျောင်းတွင်း အကြမ်းဖက်မှုအဖြစ် ခွဲခြားသတ်မှတ်နိုင်ပါသည်။

**ရုပ်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှု**

- လူတစ်ဦး၏ ကိုယ်လက်ခန္ဓာအား သူ/သူမ၏ လက်များ နှင့် ခြေထောက်များ အသုံးပြုပြီး ရိုက်နှက်ခြင်းဖြင့် လူတစ်ဦးအား နာကျင်မှုဖြစ်ပေါ်စေခြင်း (တိုက်ခိုက်မှု နှင့်/သို့မဟုတ် ရိုက်နှက်မှု)
- လူတစ်ဦးအား ကန့်သတ်နေရာများအတွင်း၌သာ ထားခြင်း သို့မဟုတ် ချုပ်ချယ်ထားခြင်း (ပိတ်လှောင်မှု)
- လူတစ်ဦးအား နေရာတစ်နေရာသို့ ခွန်အားသုံး၍၊ ရိုက်နှက်၍ သို့မဟုတ် ခြိမ်းခြောက်မှုဖြင့် ခေါ်ဆောင်သွားခြင်း (ပြန်ပေးဆွဲမှု)
- လူတစ်ဦးအား သီးသန့်နေရာတစ်နေရာသို့ လှည့်စား သို့မဟုတ် ဖြားယောင်း၍ ခေါ်ဆောင်သွားခြင်း (မတရား ဖမ်းဆီးမှု)
- လူတစ်ဦးမှ အကြမ်းဖက်မှုအဖြစ် သတ်မှတ်သည့် မကောင်းသောအကြံနှင့် ဆိတ်ဆွဲခြင်း၊ ရိုက်ခြင်း သို့မဟုတ် တွန်းထိုးခြင်း

**နှုတ်ဖြင့် အလွဲသုံးစားပြုမှု**

- လူတစ်ဦး၏ အမှုအကျင့်၊ စွမ်းဆောင်ရည် နှင့် နောက်ခံ၊ စသဖြင့်ကဲ့သို့သော အကြောင်းများကို လူအများ၏ရှေ့တွင် သို့မဟုတ် အင်တာနက် နှင့်/သို့မဟုတ် ဆိုရှယ်မီဒီယာမှတဆင့် အဆိုပါသူအား အရှက်ခွဲရန် သီးသန့်စကားလုံးများ သို့မဟုတ် ဇာတ်လမ်းများ ဖြန့်ဝေခြင်း (အသရေဖျက်မှု)

※ စကားလုံး သို့မဟုတ် ဇာတ်လမ်းပါအကြောင်းအရာက မှန်နေသည့်တိုင် ယင်းအား နှုတ်ဖြင့် အလွဲသုံးစားပြုမှုအဖြစ် ခွဲခြားသတ်မှတ်ပါသည်။

- လူတစ်ဦးအကြောင်း စော်ကားသည့်စကားများကို လူအများရှေ့တွင် အဆက်မပြတ်ပြောခြင်း သို့မဟုတ် လူတစ်ဦး၏ ပုံပန်းသွင်ပြင်ကို ရယ်ပွဲဖွဲ့ရန် သို့မဟုတ် ထိုသူအားနှိမ်ချရန် ယင်းသို့သောစကားလုံးများကို အင်တာနက် နှင့်/သို့မဟုတ် ဆိုရှယ်မီဒီယာပေါ်မှတဆင့် ဖြန့်ဝေခြင်း (နှုတ်ဖြင့် စော်ကားမှု)
- လူတစ်ဦး၏ ကိုယ်လက်ခန္ဓာပေါ်တွင် ထိခိုက်ဒါဏ်ရာများ ရအောင်ပြုမည် ဟု စကားလုံးများ၊ လုပ်ဆောင်မှုများ နှင့်/သို့မဟုတ် စာသားမက်ဆေ့ချ်များ အသုံးပြုပြီး လူတစ်ဦးအား ခြောက်လှန့်ခြင်း (ခြိမ်းခြောက်မှု)

## ငွေညှစ်ခြင်း

- ပြန်ပေးရန် ရည်ရွယ်ချက်မရှိပဲ ငွေတောင်းခံခြင်း
- အရာတစ်ချို့ကို (ဥပမာ အဝတ်အစားများ သို့မဟုတ် စာရေးကိရိယာ) ချေးငှားပြီး ယင်းတို့အား ပြန်မပေးခြင်း
- အရာဝတ္ထုတစ်ခုကို တမင်တကာ ပျက်စီးစေခြင်း သို့မဟုတ် လူတစ်ဦးအား ငွေကောက်ရန် အတင်းစေခိုင်းခြင်း

## ခြိမ်းခြောက် ဖိအားပေးခြင်း

- လူတစ်ဦးအား ကျူးလွန်သူအတွက် အစားအသောက် ဝယ်ကျွေးခိုင်းခြင်း၊ ကျူးလွန်သူအား သူ/သူမ၏ အင်တာနက်ကို အသုံးပြုခွင့်ပေးခိုင်းခြင်း ('မုန့် လုစားခြင်' နှင့် 'ဝိုင်ဖိုင် လုသုံးခြင်း' ဟုခေါ်သည်)၊ လူတစ်ဦးအား သူ/သူမ၏ စိတ်ဆန္ဒနှင့် ဆန့်ကျင့်ပြီး တစ်ခုခုလုပ်ရန် အတင်းစေခိုင်းခြင်း)၊ ကျူးလွန်သူ၏ အလုပ်တာဝန်ကို လုပ်စေခြင်း၊ ကျူးလွန်သူ အနိုင်ရရှိစေရန်အတွက် ဂိမ်းများကစားပေးရခြင်း သို့မဟုတ် တောက်တိုမယ်ရ လုပ်ခိုင်းခြင်း (အတင်းအဓမ္မ စေခိုင်းမှု)
- လူတစ်ဦးအား သူ/သူမ၏ အခွင့်အရေးကျင့်သုံးခြင်းမှ နှောင့်ယှက်ခြင်း သို့မဟုတ် လူတစ်ဦးအား ရိုက်နှက် သို့မဟုတ် ခြိမ်းခြောက်မှုမှတဆင့် သူ/သူမ၏ တာဝန်ဝတ္တရားများမဟုတ်သည့် အရာတစ်ခုလုပ်လုပ်အောင် ပြုခြင်း (အတင်းအဓမ္မ စေခိုင်းမှု)

## အနိုင်ကျင့်ခြင်း

- လူအုပ်စုတစ်ခုက လူတစ်ဦးအား တမင်တကာဖြစ်စေ ထပ်ခါထပ်ခါဖြစ်စေ ဖယ်ကျဉ်ခြင်း
- အရှုးလုပ်ခြင်း၊ နောက်ပြောင်ခြင်း၊ ရွဲ့၍ မှတ်ချက်များပေးခြင်း၊ ပေါက်ငမ်းခြင်း၊ ကြောက်ရွံ့စေခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် လူတစ်ဦးအား မထီမဲ့မြင်ပြုခြင်း
- လူတစ်ဦးအား အခြားသူများနှင့် လူမှုရေးအရဆက်ဆံခြင်းကို ကန့်သတ်ခြင်း

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

- ရိုက်နှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမှတဆင့် လူတစ်ဦးအား ကာမစပ်ယှက်ရန် နှင့်/သို့မဟုတ် အခြား လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှုများ အတင်းလုပ်ခိုင်းခြင်း
- ရိုက်နှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမှတဆင့် လူတစ်ဦးအား လိင်ပိုင်းဆိုင်ရာ လှောင်ပြောင်ခံရစေရန် အဆိုပါသူနှင့် လိင်ပိုင်းဆိုင်ရာ ထိတွေ့မှု ပြုလုပ်ခြင်း
- လိင်ပိုင်းဆိုင်ရာ မှတ်ချက်များ နှင့်/သို့မဟုတ် လုပ်ဆောင်မှုများပြုခြင်းဖြင့် လူတစ်ဦးအား လိင်ပိုင်းဆိုင်ရာ အရှက်ရစေရန် သို့မဟုတ် လှောင်ပြောင်ခံရစေရန် ပြုလုပ်ခြင်း

## ဆိုက်ဘာ အကြမ်းဖက်မှု

- လူတစ်ဦးအား ဆဲဆိုခြင်း သို့မဟုတ် နှိမ်ချခြင်း သို့မဟုတ် ကြော်ငြာသင်ပုန်းများ၊ စကားပြောခန်းများ၊ မိုဘိုင်း မက်ဆေ့ချ်ပို့ခြင်းများ သို့မဟုတ် အီးမေးလ်မှတဆင့် လူတစ်ဦးအကြောင်း မှားယွင်းသည့်အချက်အလက်များ သို့မဟုတ် ကဲ့ရဲ့ဖွယ်ဓာတ်လမ်းများ တင်ခြင်း (အွန်လိုင်း နှောင့်ယှက်မှု)
- လူတစ်ဦးအား နှိမ်ချရန်ရည်ရွယ်ချက်တစ်ခုဖြင့် ဆိုင်ဘာနယ်ပယ်တွင်း အဆိုပါသူအကြောင်း အချက်မှန် သို့မဟုတ် မှားယွင်းသောအချက်အလက်ကို ဖြန့်ဝေခြင်းဖြင့် လူတစ်ဦး၏ ဂုဏ်သတင်းကို ထိခိုက်စေခြင်း သို့မဟုတ် လူတစ်ဦး၏ အမူအကျင့်ကို ကဲ့ရဲ့ရှုတ်ချခြင်း (ဆိုက်ဘာပေါ်မှ အသရေဖျက်မှု)
- လူတစ်ဦးထံမှ ငွေ နှင့် တန်ဖိုးရှိသော သို့မဟုတ် ဂိမ်းကစားရာတွင်သုံးသည့် ငွေကြေး ကဲ့သို့သော ဒစ်ဂျစ်တယ်သုံးငွေကြေးကို ညှစ်ယူခြင်း သို့မဟုတ် 'ဝိုင်ဖိုင် လုသုံးခြင်း' (ဆိုက်ဘာပေါ်မှ ငွေညှစ်မှု)
- မလိုလားဖွယ် စာသားမက်ဆေ့ချ်များ၊ ဓာတ်ပုံများ နှင့်/သို့မဟုတ် ဗွီဒီယိုများ အထပ်ထပ်အခါခါ ပို့ခြင်းဖြင့် လူတစ်ဦးအား စိတ်သောက နှင့် ကြောက်ရွံ့မှု ဖြစ်စေခြင်း (ဆိုက်ဘာ နောက်ယောင်ခံခြင်း)
- လူတစ်ဦးအား ရယ်ပွဲဖွဲ့ခြင်း နှင့် ဆဲဆိုခြင်း လုပ်နေရင်း အဆိုပါသူအား ဆိုရှယ်မီဒီယာပေါ် ရှိ အုပ်စုလိုက် စကားပြောခြင်းအပါအဝင် အွန်လိုင်းစကားပြောခန်းမှ မထွက်ခွာအောင် ကန့်သတ်ခြင်း သို့မဟုတ် စကားပြောခန်းတွင် အဆိုပါသူ မဝင်နိုင်အောင်ပြုခြင်း (ဆိုက်ဘာပေါ်မှ အနိုင်ကျင့်ခြင်း သို့မဟုတ် ဆိုက်ဘာပေါ်တွင် ပိတ်လှောင်ခြင်း)
- မမြင်အပ်ဖွယ် ဓာတ်ပုံများ နှင့်/သို့မဟုတ် ဗွီဒီယိုများ၊ သို့မဟုတ် လူတစ်ဦး၏ သဘောတူခွင့်ပြုချက်မပါပဲ အချက်အလက်နှင့် ပြောဆိုဆက်သွယ်ရေး ကွန်ရက်မှတဆင့် အဆိုပါသူ၏ ကိုယ်ရေးကိုယ်တာနှင့် ဆက်စပ်ပတ်သက်သည့် လူတစ်ဦး၏ သီးခြား ခန္ဓာကိုယ်အစိတ်အပိုင်း ဓာတ်ပုံများကို အဆိုပါသူထံပို့ခြင်း သို့မဟုတ် ဖြန့်ဝေခြင်းဖြင့် နှောင့်ယှက်ခြင်း (ဗွီဒီယို တင်ခြင်း)

## 2 ကျောင်းတွင်း အကြမ်းဖက်မှု၏ နိမိတ်လက္ခဏာများ နှင့် ယင်းအား တားဆီးကာကွယ်ပုံ

### ကျောင်းတွင်း အကြမ်းဖက်မှု၏ နိမိတ်လက္ခဏာများ [1]

သင်၏ကလေးက အောက်တွင်ဖော်ပြထားသော ကျောင်းတွင်း အကြမ်းဖက်မှု၏ နိမိတ်လက္ခဏာများမှ တစ်ခုခုပြမပြ သတိထားပြီးစောင့်ကြည့်ပါ

※ သင်၏ကလေးက နိမိတ်လက္ခဏာများထဲမှ တစ်ခုခုကို ပြနေသော်လည်းပဲ သင်၏ကလေးသည် ကျောင်းတွင်း အကြမ်းဖက်မှု၏ သားကောင်းတစ်ဦး သို့မဟုတ် ကျူးလွန်သူတစ်ဦး ဖြစ်သည်ဟု ကောက်ချက်မချသင့်ပါ။ အချက်အလက်မြောက်များစွာကို ထည့်သွင်းစဉ်းစားပြီးမှ ဆုံးဖြတ်ချက် ပြုလုပ်သင့်သည်။

**သားကောင်ဖြစ်သူ ကျောင်းသား ပြသသည့် နိမိတ်လက္ခဏာများ**

- သင်က ကျောင်းသားဘဝ နှင့် သူငယ်ချင်းများအကြောင်းကို သူ/သူမနှင့် ပြောရန်ကြိုးစားချိန်တွင် အထိမခံဖြစ်လာပါသည်။
- ခံစားချက်မဲ့ပုံရှိပြီး အာရုံစူးစိုက်ရာတွင် ခက်ခဲမှု ပြသပါသည်။
- ကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းပြောင်းရန်အကြောင်း ပြောဆိုပါသည်။
- ပုံမှန်ထက်ပိုပြီး မုန့်ဖိုးကုန်ကျစရိတ် တောင်းခြင်း သို့မဟုတ် သင်၏ ဖုန်းဘေလ်က ပုံမှန်ထက်ပိုများလာပါသည်။ ၎င်းတို့၏ တယ်လီဖုန်းများကို စစ်ဆေးချိန်တွင် သူ/သူမက စိတ်သက်တောင့်သက်သာဖြစ်ပုံ မပေါ်ပါ။
- ကွင်းဆင်းလေ့လာရေး သို့မဟုတ် စေတနာ့ဝန်ထမ်းလှုပ်ရှားမှုများ ကဲ့သို့သော အုပ်စုလိုက် လှုပ်ရှားမှုများတွင်း ပါဝင်ရာတွင် တက်တက်ကြွကြွမရှိပါ။

**ကျူးလွန်သူ ကျောင်းသား ပြသသည့် နိမိတ်လက္ခဏာများ**

- အခြားကျောင်းများ ရိုက်နှက်ခြင်း သို့မဟုတ် တိရိစ္ဆာန်များကို ကျီစယ်ခြင်းကို မကြာခဏတွေ့ရသည်။
- စိတ်တို၊ ထကြွပြီး ရန်လိုတတ်သည်။
- အကြမ်းဖက်မှု နှင့် နောက်ပြောင်မှုအကြား မခွဲခြားနိုင်ပဲ မကြာခဏဆိုသလို ပဋိပက္ခအခြေအနေတွင်း ကျရောက်တတ်သည်။
- အခြားကျောင်းသားများကို နှိမ်ချရန် ဆဲဆိုသည့်စကားလုံးများ သို့မဟုတ် ဖော်ပြမှုများ မကြာခဏအသုံးပြုတတ်သည်။
- အခြားသူများကို နှိမ်ချရန် သို့မဟုတ် တိုက်ခိုက်ရန် ဆိုရှယ်မီဒီယာပေါ်တွင် နှောင့်နှေးမှုမရှိပဲ မှတ်ချက်များပေးတတ်သည်။

### ကျောင်းတွင်း အကြမ်းဖက်မှုကို တားဆီးကာကွယ်ပုံ

အောက်ဖော်ပြပါ ညွှန်ကြားချက်များကို လိုက်နာခြင်းဖြင့် ကျောင်းတွင်း အကြမ်းဖက်မှုများအတွင်း သင့်ကလေးပါဝင်ခြင်းကို တားဆီးကာကွယ်ပါ -

1. သူငယ်ချင်းများအား ရယ်ပွဲဖွဲ့ခြင်း၊ တမင်တကာ ဖယ်ကျဉ်ခြင်း သို့မဟုတ် နောက်ပြောင်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများကို ကျောင်းတွင်း အကြမ်းဖက်မှုဟု သတ်မှတ်ကြောင်း သင့်ကလေးသိအောင်လုပ်ပါ။
2. ကျောင်းတွင်း အကြမ်းဖက်မှု ပေါ်ပေါက်နေသည်ကို မျက်မြင်သက်သေတွေ့ရှိပါက သို့မဟုတ် သိရှိလာပါက သင့်ကလေးအား ဆရာ/မ တစ်ဦး သို့မဟုတ် မိဘတစ်ဦးအား အသိပေးခိုင်းပါ။
3. အနီးအနားရှိ ကျောင်းတွင်း အကြမ်းဖက်မှုနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းအကြောင်း အချက်အလက်များကို သင့်ကလေးအား ပေးအပ်ပါ။
4. ကျောင်းတွင်း အကြမ်းဖက်မှုကိုကာကွယ်ရန် မိဘများအတွက် ပညာပေးအစီအစဉ်များတွင် တက်တက်ကြွကြွပါဝင်ပါ။
5. သင့်ကလေး၏ အတန်းပိုင်ဆရာ/မ နှင့် ပုံမှန်အခြေခံဖြင့် တိုင်ပင်ဆွေးနွေးခြင်းဖြင့် သင့်ကလေး၏ ကျောင်းသားဘဝ အပေါ် အာရုံစူးစိုက်မှုပေးပါ။

1) ဘလူးထရီး ဖောင်ဒေးရှင်း (The Blue Tree Foundation)

# II ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ခြင်း




ကျောင်းတွင်း အကြမ်းဖက်မှုတစ်ခု ဖြစ်ပွားသောအခါ ယင်းအား အောက်ပါလုပ်ထုံးလုပ်နည်းအရ ကိုင်တွယ်ပါ -

| လုပ်ထုံးလုပ်နည်း | အသေးစိတ်အချက်များ |
| --- | --- |
| **ခွဲခြားဖော်ထုတ်ခြင်း နှင့် တိုင်ကြားအစီရင်ခံခြင်း ကျောင်းတွင်း အကြမ်းဖက်မှု** | • ဆရာ/မ တစ်ဦးအား ဆက်သွယ်ပါ သို့မဟုတ် 117 ကို ခေါ်ဆိုပါ။ |
| **ကျောင်းတွင်း အကြမ်းဖက်မှုဆိုင်ရာ တိုင်ကြားချက်ကို လက်ခံရယူခြင်း** | • တိုင်ကြားချက်ကို လက်ခံရရှိကြောင်း တိုင်ကြားသူအား အသိပေးပါ။ |
| **အရေးပေါ် အစီအမံများ** (လိုအပ်ပါက ကျောင်းအုပ်ကြီးမှ လုပ်ဆောင်ရန်) | • သားကောင်ဖြစ်သူ ကျောင်းသားများ ကာကွယ်ရန် အရေးယူမှုများ လုပ်ဆောင်ပါ။<br>• ကျူးလွန်သူ ကျောင်းသားအား လမ်းညွှန်ပေးရန် အရေးယူမှုများ လုပ်ဆောင်ပါ။ |
| **အမှုကိစ္စ စုံစမ်းစစ်ဆေးခြင်း** (ကျောင်းတွင်း အကြမ်းဖက်မှုအတွက် အထူးအဖွဲ့ သို့မဟုတ် သင်ကြားရေးဝန်ထမ်းအဖွဲ့ဝင်များ အားဖြင့်) | • ပျက်စီးမှုများ နှင့် အကြမ်းဖက်လုပ်ရပ်များကို ခွဲခြားဖော်ထုတ်ပါ (စာဖြင့်ရေးသား၍ဖြစ်စေ၊ အင်တာဗျူးမေးမြန်း၍ဖြစ်စေ စုံစမ်းစစ်ဆေးခြင်းမှတဆင့်)။<br>• အမှုကိစ္စဖြေရှင်းရေးနှင့် စပ်လျဉ်းပြီး ကျောင်းသားများနှင့် ၎င်းတို့၏ အုပ်ထိန်းသူများ၏ လိုအပ်ချက်များကို ခွဲခြားဖော်ထုတ်ပါ။<br>※ ဘာသာပြန်သူများ ကဲ့သို့သော အထူးကျွမ်းကျင်ပညာရှင်များ၏ ထောက်ကူမှုများကို တောင်းခံနိုင်ပါသည်။ |
| **ညှိနှိုင်းဆွေးနွေးခြင်း ကျောင်းတွင်း အကြမ်းဖက်မှုဆိုင်ရာ အထူးအဖွဲ့** | • ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အာဏာဖြင့် ဖြေရှင်းရန် အခြေအနေပြည့်စုံမှု ရှိမရှိ ပြန်လည်ဆန်းစစ်ပါ။ |

| အခြေအနေများ ပြည့်စုံပါသည် | | အခြေအနေများ မပြည့်စုံပါ |
| --- | --- | --- |
| သားကောင်ဖြစ်သူ ကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူတို့က ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းရန် သဘောတူခွင့်ပြုချက် ပေးမပေး စစ်ဆေးပါ။ | သဘောတူခွင့်ပြုချက် မပေးပါ | ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ရန် ညှိနှိုင်းဆွေးနွေးရေး ကော်မီတီ အစည်းအဝေးတစ်ခု ခေါ်ယူကျင်းပပါ။ |
| သဘောတူခွင့်ပြုချက်ပေးသည် | | |
| **ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းသည်** | | **ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ရန် ညှိနှိုင်းဆွေးနွေးရေး ကော်မီတီနှင့် ညှိနှိုင်းဆွေးနွေးပြီး အရေးယူမှု လုပ်ဆောင်သည်** |

## 1 ကျောင်းတွင်း အကြမ်းဖက်မှုကို တိုင်ကြားအစီရင်ခံခြင်း

### ကျောင်းတွင်း တိုင်ကြားအစီရင်ခံခြင်း

- **လူကိုယ်တိုင်** - ကျောင်းတွင် အကြမ်းဖက်မှုကို မျက်မြင်သက်သေဖြစ်သူ သို့မဟုတ် တွေ့ကြုံရသူ ကျောင်းသားတစ်ဦး သို့မဟုတ် သူ/သူမ၏ အုပ်ထိန်းသူက အတန်းပိုင်ဆရာ/မ ထံ သို့မဟုတ် တာဝန်ရှိသည့် ဆရာ/မ (ကျောင်းတွင်း အကြမ်းဖက်မှု ကိစ္စရပ်များအတွက် တာဝန်ခံထားသူ) ထံ တိုင်ကြားအစီရင်ခံသည်။
- **တိုင်ကြားစာထည့်သည့် ပုံး** - တိုင်ကြားအစီရင်ခံသည့် ဖောင်ပုံစံကို ဖြည့်စွက်ပြီး ကျောင်းတွင်တွေ့ရသည့် တိုင်ကြားစာထည့်ရန်ပုံးတွင်းသို့ ထည့်ပါ။
- **အီးမေးလ်** - အတန်းပိုင် ဆရာ/မ၊ တာဝန်ရှိ ဆရာ/မ သို့မဟုတ် ကျောင်း၏ အီးမေးလ်လိပ်စာသို့ တိုင်ကြားအစီရင်ခံမှု တစ်စောင် ပေးပို့ပါ။
- **ဝက်ဘ်ဆိုက်** - ကျောင်းဝက်ဘ်ဆိုက်ပေါ်သို့ သီးသန့် ပို့စ်တစ်ခု ပေးပို့ခြင်းဖြင့် တိုင်ကြားအစီရင်ခံမှုတစ်ခု ပြုလုပ်ပါ။
- **မိုဘိုင်းဖုန်း** - စာသားမက်ဆေ့ချ်တစ်ခု သို့မဟုတ် အသံသွင်းထားသည့်ဖိုင်တစ်ခု ပို့ခြင်း၊ သို့မဟုတ် ကျောင်းတွင်း အကြမ်းဖက်မှုဆိုင်ရာ အထူးအဖွဲ့ (ဒု-ကျောင်းအုပ်၊ ကျောင်းတွင်း အကြမ်းဖက်မှု ကိစ္စရပ်များအတွက် တာဝန်ရှိသည့် ဆရာ/မ၊ တာဝန်ခံ ဆရာ/မ၊ ကျန်းမာရေး ဆိုင်ရာ ဆရာ/မ သို့မဟုတ် ကျောင်တွင်း တိုင်ပင်အကြံပေးသူ) အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆရာ/မ တစ်ဦး သို့မဟုတ် ကျောင်း၏ မိုဘိုင်းဖုန်းနံပါတ်သို့ ခေါ်ခြင်းဖြင့် တိုင်ကြားအစီရင်ခံမှုတစ်ခု ပြုလုပ်ပါ။
- **ကျောင်းရင်းမြစ်များဆိုင်ရာ အရာရှိ** - ကျောင်းရင်းမြစ်များဆိုင်ရာ အရာရှိထံ ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် စာသားမက်ဆေ့ချ်တစ်စောင် ပို့ခြင်းဖြင့် တိုင်ကြားအစီရင်ခံပါ။

### ကျောင်းပြင်ပသို့ တိုင်ကြားအစီရင်ခံခြင်း

- 117 ကျောင်းတွင်း အကြမ်းဖက်မှု တိုင်ကြားအစီရင်ခံရေး စင်တာ ဧရိယာ ကုတ်နံပါတ်မထည့်ပဲ 117 ကို ခေါ်ဆိုပြီး ကျောင်းတွင်း အကြမ်းဖက်မှုတစ်ခုကို တိုင်ကြားအစီရင်ခံပါ သို့မဟုတ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် တိုင်ပင်အကြံပေးမှု ရယူပါ။

| | |
|---|---|
| 117 ဧရိယာကုတ်မပါ | လုံခြုံရေး အိပ်မက် (SAFETY Dream) ( သို့မဟုတ် “ 117” ကိုရှာပါ) |
| #0117 | တိုင်ကြားအစီရင်ခံရေး နှင့် တိုင်ပင်အကြံယူရေးအတွက် 117 တိုင်ကြားအစီရင်ခံရေးစင်တာသို့ ကိုယ်တိုင်သွားရောက်ပါ |

※ ကျောင်းတွင်း အကြမ်းဖက်မှု တိုင်ကြားအစီရင်ခံရေးစင်တာက တစ်ရက်လျှင် ၂၄ နာရီ လည်ပတ်ပါသည်။ ယင်းက ကျောင်းတွင်း အကြမ်းဖက်မှု တိုင်ကြားအစီရင်ခံမှုများကို လက်ခံရယူခြင်း၊ အရေးပေါ် ကယ်ဆယ်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ တိုင်ကြားအစီရင်ခံသည့် အမှုကိစ္စများကို စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေရေးရာ တိုင်ပင်အကြံပေးဝန်ဆောင်မှု ပေးအပ်ခြင်း နှင့် သားကောင်များအတွက် ခိုလှုံရာနေရာများ ပေးအပ်ခြင်း ကဲ့သို့သော ထောက်ပံ့ကူညီရေးလုပ်ဆောင်မှုများအားလုံး ကမ်းလှမ်းပေးပါသည်။

- ဆိုက်ဘာ အကြမ်းဖက်မှု - လူငယ် တိုင်ပင်အကြံပေးရေး စင်တာ (ဖုန်းနံပါတ် ကိုခေါ်ပါ သို့မဟုတ် 1338 သို့ စာသားမက်ဆေ့ချ်ပို့ပါ) မှတဆင့် ကိုးရီးယား နိုင်ငံတော် ရဲ ဆိုက်ဘာဗျူရိုသို့ အစီရင်ခံပါ

※ ဆိုက်ဘာ အကြမ်းဖက်မှုမှ ရလဒ်အနေဖြင့် ခံစားရသည့် ထိခိုက်ပျက်စီးမှုကို သက်သေပြရန် ဆိုက်ဘာ အကြမ်းဖက်မှုကို ရုပ်လုံးပေါ်စေသည့် ပို့စ်ကို အချိန်နှင့် နေ့စွဲ မြင်သာအောင် စခရင်ရှော့တ် (screenshot) တစ်ခု ရိုက်ပြီး သိမ်းဆည်းထားကြောင်း သေချာပါစေ။ အကယ်၍ ကျူးလွန်သူ၏ အိုင်ဒီ (ID) မရရှိပါက ဝက်ဘ်ဆိုက် လိပ်စာ သို့မဟုတ် အိုင်ပီ လိပ်စာ (IP address) ကဲ့သို့သော ကျူးလွန်မှုကို မည်သည့်နေရာတွင် ဖော်ထုတ်နိုင်ကြောင်း ဒေတာကို သိမ်းဆည်းထားပြီး ယင်းတို့ကို တိုင်ကြားအစီရင်ခံမှု ဖိုင်တင်ချိန်တွင် တင်သွင်းပါ။

**[မှတ်ချက်] သင်၏ကလေး ပါဝင်နေသည့် ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ပုံ**

- သင်၏ကလေးကို ဆက်သွယ်စကားပြောဆိုခြင်းမှတဆင့် စာနာစိတ်ဖြင့် ထောက်ကူပေးပါ။
  - 'ဒါက သား/သမီး အတွက် အရမ်းခက်ခဲခဲ့မှာပဲ။ ဒါကို အဖေ/အမေ့ ကိုမျှဝေပြောပြတဲ့အတွက် ကျေးဇူးတင်တယ်။ သား/သမီးအတွက် ဘာလုပ်ပေးစေချင်လဲ' ဟုပြောဆိုပြီး သင့်ကလေးအား နှစ်သိမ့်ပေးပါ။
- သင့်ကလေး စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှု ပြန်လည်ရရှိအောင်ကူညီရန် နှင့် စကားပြောဆိုမှုကို တည်တည်ငြိမ်ငြိမ်ဦးဆောင်ရန် သင့်ခံစားချက်များကို ထိန်းချုပ်ပါ။
  - ကလေးများက ၎င်းတို့ အဆူခံရမည် သို့မဟုတ် ၎င်းတို့၏မိဘများက အခြေအနေကို ဖြေရှင်းပေးနိုင်မည်မဟုတ်ဟု တွေးတောကာ စိတ်သောကရောက်နိုင်ပါသည်။ ကလေးအား ဖိအားပေး သို့မဟုတ် တွန်းအားပေးမည့်အစား သင့်ကလေးနှင့် နွေးနွေးထွေးထွေးပြောဆိုရန် ကြိုးစားပါ။
- အကြမ်းဖက်မှု၏ သားကောင်တစ်ဦးဖြစ်သော သင့်ကလေးကလည်း အခြေအနေဖြစ်ပေါ်စေရန် ပါဝင်လုပ်ဆောင်သည်ဟု မည်သည့်အခါတွင်မှ မမှတ်ယူပါနှင့်။
  - 'မင်းကလည်း အမှားတစ်ခုခု လုပ်ခဲ့မှာပဲ' ဟု ပြောဆိုခြင်းကဲ့သို့ သင့်ကလေးအားစွပ်စွဲခြင်းက ကလေးအား စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ပြီး ကလေး၏ မိမိကိုယ်ကို တန်ဖိုးထားမှုကို နှိမ့်ကျစေသည်။

## 2 အရေးပေါ် အစီအမံများ

### သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူ ကျောင်းသားများအတွက် အရေးပေါ် အစီအမံများ

ကျောင်းတွင်း အကြမ်းဖက်မှုတစ်ခုကို ကိုင်တွယ်သည့် ကနဦးအဆင့်တွင် သားကောင်ဖြစ်သူ ကျောင်းသားအား ကာကွယ်ရေး သို့မဟုတ် ကျူးလွန်သူကျောင်းသားအား လမ်းညွှန်ပြသမှု အရေးပေါ်လိုအပ်သည်ဟု ဆုံးဖြတ်ပါက ကျောင်းအုပ်ကြီးက အောက်ဖော်ပြပါ အရေးပေါ် အစီအမံများကို လုပ်ဆောင်ပါသည်။

| သားကောင်ဖြစ်သူ ကျောင်းသားအတွက် အရေးပေါ် အစီအမံများ | ကျူးလွန်သူ ကျောင်းသားအတွက် အရေးပေါ် အစီအမံများ |
|---|---|
| • ကျောင်းတွင်း နှင့် ကျောင်းပြင်ပရှိ ကျွမ်းကျင်သူများထံမှ စိတ်ပိုင်းဆိုင်ရာ တိုင်ပင်အကြံပေးမှု နှင့် အကြံဉာဏ်များ<br>• ယာယီခိုလှုံရာ<br>• သားကောင်ဖြစ်သူ ကျောင်းသားအား ကာကွယ်ရေးအတွက် မရှိမဖြစ်လိုအပ်သော အခြားလုပ်ဆောင်ချက်များ (အထူး ကာကွယ်ရေး အစီအစဉ်တစ်ခု လည်ပတ်ခြင်းမှတဆင့် သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသားများအား ခွဲခြားထားခြင်း၊ စသဖြင့်) | • သားကောင်ဖြစ်သူ ကျောင်းသားထံ တောင်းပန်စာရေးခြင်း<br>• သားကောင်ဖြစ်သူ ကျောင်းသား နှင့် အမှုကိစ္စကို အစီရင်ခံသည့် ကျောင်းသားတို့အား ဆက်သွယ်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း နှင့် လက်စားချေခြင်းကို တားဆီးကာကွယ်ခြင်း<br>• ကျောင်းပရဝုဏ်တွင်း စေတနာ့ဝန်ထမ်းအလုပ်<br>• ကျောင်းတွင်း နှင့် ပြင်ပရှိ အထူးကျွမ်းကျင်သူများထံမှ အထူးသင်တန်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကုထုံးများ<br>• ကျောင်းမတက်ရန် ဆိုင်းငံ့ခြင်း |

※ ကျူးလွန်သူကျောင်းသားက အရေးပေါ်အစီအမံများအတိုင်း လိုက်နာရန်ငြင်းဆန်ပါက သို့မဟုတ် လွတ်အောင်ရှောင်ပါက သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ကျောင်းစည်းမျဉ်းများအရ စည်းကမ်းထိန်းသိမ်းအရေးယူမှု လုပ်နိုင်ပါသည်။

### ကျူးလွန်သူကျောင်းသာ ကျောင်းမတက်ရန် ဆိုင်းငံ့မှု

အောက်ရှိဖြစ်ရပ်တွင် ကျောင်းအုပ်ကြီးက ကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူထံမှ ကြားနာအပြီးတွင် ကျူးလွန်သူကျောင်းသားအား ကျောင်းမတက်ရန် ဆိုင်းငံ့မှု လေ့ကျင့်လုပ်ဆောင်နိုင်ပါသည် -

- ✓ အကယ်၍ ကျောင်းသား နှစ်ဦး သို့မဟုတ် ပိုသူများက တမင် နှင့်/သို့မဟုတ် အဆက်အပြတ် အကြမ်းဖက်မှု အသုံးပြုခဲ့ပါက၊
- ✓ ကျူးလွန်သူကျောင်းသားက ဆေးဝါးကုသမှု နှစ်ပတ်ထက်ပိုပြီး လိုအပ်စေသည့် ထိခိုက်ဒါဏ်ရာတစ်ခု ရစေခဲ့ပါက၊
- ✓ အကယ်၍ ကျူးလွန်သူကျောင်းသားက တိုင်ကြားအစီရင်ခံမှု၊ ဖော်ပြမှု သို့မဟုတ် အချက်အလက်ပေးအပ်မှုကို ဆန့်ကျင်ပြီး လက်စားချေရန် ရည်ရွယ်ချက်အတွက် အကြမ်းဖက်မှု အသုံးပြုပါက၊ နှင့်
- ✓ အကယ်၍ သားကောင်ဖြစ်သူ ကျောင်းသားအား ကျူးလွန်သူကျောင်းသားထံမှ အလျှင်အမြန်ကာကွယ်ပေးရန် လိုအပ်သည်ဟု ကျောင်းအုပ်ကြီးမှ ဆုံးဖြတ်ပါက

※ အကယ်၍ ကျောင်းအုပ်ကြီးမှ ကျူးလွန်သူကျောင်းသားအား အရေးပေါ် အစီအမံများမှတဆင့် ကျောင်းမတက်ရန် ဆိုင်းငံ့ထားမှုဖြင့် နောက်ဆက်တွဲလိုက်ပြီး အမှုကိစ္စကို ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အာဏာဖြင့် ဖြေရှင်းခဲ့ပါက အရေးပေါ် အစီအမံများ၏ရလဒ်တစ်ခု ဖြစ်သည့် ပျက်ကွက်ကာလကို ကျောင်းတက်ရက် ကာလအဖြစ် အသိအမှတ်ပြုနိုင်ပါသည်။

## 3 အမှုကိစ္စ စုံစမ်းစစ်ဆေးခြင်း

- ကျောင်းတွင်း အကြမ်းဖက်မှု ပေါ်ပေါက်ခြင်းအား အသိပေးခဲ့ပါက သို့မဟုတ် တိုင်ကြားအစီရင်ခံခဲ့ပါက အထူးအဖွဲ့မှ ထိခိုက်ပျက်စီးမှု နှင့် အကြမ်းဖက်လုပ်ဆောင်မှုကို ခွဲခြားဖော်ထုတ်ရန် အမှုကိစ္စကို အသေးစိတ်စုံစမ်းစစ်ဆေးပါသည်။
- **(ဖြစ်ရပ်မှန်ကို အတည်ပြုခြင်း)** ပါဝင်သည့် ကျောင်းသားများနှင့် မျက်မြင်သက်သေများအား စာဖြင့်ရေးသား၍ဖြစ်စေ၊ အင်တာဗျူး မေးမြန်း၍ဖြစ်စေ နှင့် မှုခင်းဖြစ်ပွားရာနေရာတွင် ကြည့်ရှုစစ်ဆေးခြင်း စသည့် နည်းလမ်းမျိုးစုံဖြင့် တိုင်ကြားအစီရင်ခံသည့် အမှုကိစ္စကို စုံစမ်းစစ်ဆေးပါသည်။
    - **အတည်ပြု ဖော်ပြချက်** - သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသားများသာမက မျက်မြင်သက်သေများ၏ အတည်ပြု ဖော်ပြချက်
    - **ဆာဗေး မေးခွန်းလွှာ** - သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူ ကျောင်းသားများနှင့် ဆက်စပ်သည့် ကျောင်းသားများ နှင့် ကျောင်းနေဖက်များအား ပစ်မှတ်ထား ဆောင်ရွက်ပါသည်။
    - **သက်သေများ စုဆောင်းခြင်း** - အီးမေးလ်၊ စကားပြောခန်းများ၊ ကြော်ငြာသင်ပုန်းတွင် တင်သောပို့စ်များ၊ ဆိုရှယ်မီဒီယာ ပေါ်တွင်တင်သော ပို့စ်များ၊ အင်တာနက်စာမျက်နှာများပေါ် ရှိ စခရင်ရှော့တ်များ၊ စာသား မက်ဆေ့ချ်များ၊ ဓာတ်ပုံများ၊ ဗွီဒီယိုများ၊ အသံသွင်းထားသောဖိုင်များ၊ စသဖြင့်။
    - **ဆေးဖက်ဆိုင်ရာ ထောက်ခံစာ နှင့် ဆရာဝန် မှတ်ချက်** - ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှုအတွက် ဆေးဖက်ဆိုင်ရာ ထောက်ခံစာ သို့မဟုတ် ဆရာဝန်၏ မှတ်ချက်
- **(လိုအပ်ချက်များကို ခွဲခြားသတ်မှတ်ခြင်း)** ထိခိုက်ပျက်စီးမှု နှင့် အခြေအနေကို လက်ခံသည့် အဆင့်ဒီဂရီ ပုံစံများ၊ တောင်းပန်ချက်ကို လက်ခံမှု၊ အပြစ်ပေးမှုအတွက် ဆုံးဖြတ်ချက်၊ ဆေးဝါးကုသမှု ကုန်ကျစရိတ်များ တောင်းခံခြင်း နှင့် နောက်တဖန် ပြန်လည်ဖြစ်ပွားမှုကို ကာကွယ်တားဆီးရေးအတွက် တောင်းဆိုချက် ကဲ့သို့သော အမှုကိစ္စကိုဖြေရှင်းခြင်းနှင့် ပတ်သက်ပြီး သားကောင်ဖြစ်သူ နှင့် သူ/သူမ၏ အုပ်ထိန်းသူတို့၏ လိုအပ်ချက်များကို ခွဲခြားသတ်မှတ်ပါသည်။

  ※ လိုအပ်ပါက အုပ်ထိန်းသူအား အင်တာဗျူးမေးမြန်းခြင်းမှတဆင့် လိုအပ်ချက်များကို ခွဲခြားသတ်မှတ်ပြီး သားကောင်ဖြစ်သူ ကျောင်းသားနှင့် အုပ်ထိန်းသူတို့အား စုံးစမ်းစစ်ဆေးခြင်း၏ရလဒ်အပေါ် အလုံအလောက်နားလည်သဘောပေါက်မှု ပေးအပ်ရန် လမ်းညွှန်မှု ပေးနိုင်ပါသည်။
- **(ကျောင်းတွင်း အကြမ်းဖက်မှု၏ ပြင်းထန်မှုအပေါ် ဆုံးဖြတ်ချက်)** ကျောင်းတွင်း အကြမ်းဖက်မှုတစ်ခု ပေါ်ပေါက်သောအခါ အမှုကိစ္စ၏ပြင်းထန်မှုကို အောက်ပါ အမှုကိစ္စအတည်ပြုချက်မှတဆင့် ဆုံးဖြတ်ပါသည် -
    - ☑ သားကောင်ဖြစ်သူ ကျောင်းသားသည် မသန်စွမ်းမှုများရှိသူတစ်ဦးဖြစ်မဖြစ်
    - ☑ အကယ်၍ အကြမ်းဖက်မှုသည် သားကောင်းဖြစ်သူ ကျောင်းသား သို့မဟုတ် တိုင်ကြားအစီရင်ခံသူ ကျောင်းသားတစ်ဦးအား ခြိမ်းခြောက်ရန် သို့မဟုတ် ဆန့်ကျင်လက်စားရန် ရည်ရွယ်မှု ပြုခဲ့မပြုခဲ့
    - ☑ ကျူးလွန်သူ ကျောင်းသားမှ ကျူးလွန်ခဲ့သော လုပ်ဆောင်ချက်၏ ပြင်းထန်မှု၊ ဆက်တိုက်ဖြစ်မှုမဖြစ်မှု နှင့် ရည်ရွယ်၍ ပြုမှုမပြုမှု
    - ☑ ကျူးလွန်သူကျောင်းသား၏ နောင်တရမှု ဒီဂရီ
    - ☑ အရေးယူမှုမှတဆင့် ကျူးလွန်သူကျောင်းသားအား လမ်းမှန်ပေါ်ရောက်အောင် လမ်းညွှန်ပေးနိုင်ချေ
    - ☑ ကျူးလွန်သူ ကျောင်းသား နှင့် သူ/သူမ၏အုပ်ထိန်းသူ နှင့် သားကောင်ဖြစ်သူ ကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူတို့အကြား ပြန်လည်သင့်မြတ်မှု ဒီဂရီ

**[မှတ်ချက်] ယဉ်ကျေးမှုမျိုးစုံသည့် ကျောင်းသားများ (ရွှေ့ပြောင်းဝင်ရောက်သည့် ကျောင်းသားများ နှင့်/သို့မဟုတ် နိုင်ငံခြားသား ကျောင်းသားများ) ပါဝင်သော အမှုကိစ္စများကို စုံစမ်းစစ်ဆေးခြင်း**

- ကိုးရီးယားနိုင်ငံအတွင်း ပြောဆိုဆက်သွယ်နိုင်သည့်စွမ်းရည် အလုံအလောက်မရှိသော ယဉ်ကျေးမှုမျိုးစုံသည့် ကျောင်းသားတစ်ဦးအား ဦးတည်စုံစမ်းစစ်ဆေးသည့် အမှုကိစ္စတစ်ခု အတွက် သူ/သူမ၏ အမြင်ကို ဖော်ပြရန်အခွင့်အလမ်း သေချာပေးအပ်သည့်လုပ်ငန်းစဉ်တွင် ဘာသာပြန်တစ်ဦး သို့မဟုတ် တာဝန်ခံ ဆရာ/မတစ်ဦးက ပါဝင်လုပ်ဆောင်နိုင်ပါသည်။
- စာဖြင့်ရေးသားပြီး စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်တွင် ကျောင်းသားအနေဖြင့် အမှုကိစ္စ၏ အသေးစိတ်အချက်အလက်များ နှင့် သူ/သူမ၏ အခြေအနေကို အလုံအလောက်ဖော်ပြနိုင်စွမ်း ရှိချင်မှ ရှိနိုင်ပါသည်။ ထို့အတွက်ကြောင့် ဘာသာပြန်ထားသည့် စုံစမ်းစစ်ဆေးရေးဖောင်ပုံစံတစ်ခုကို အသုံးပြုနိုင်ပါသည် သို့မဟုတ် ကျောင်းသားအနေဖြင့် သူ/သူမ၏ ဇာတိဘာသာစကားဖြင့် ဖောင်ပုံစံကို ဖြည့်ရန်ခွင့်ပြုပေးနိုင်ပါသည်။
- အကယ်၍ သက်ဆိုင်ရာ မြို့တော် သို့မဟုတ် ပြည်နယ်၏ ပညာရေးရုံးတွင် ယဉ်ကျေးမှု မျိုးစုံသည့် ကျောင်းသားများအတွက် လုပ်ငန်းကျွမ်းကျင်သည့် တိုင်ပင်အကြံပေးသူတစ်ဦး အချိန်ပြည့် ရှိပါက တိုင်ပင်အကြံပေးသူက ရွှေ့ပြောင်းဝင်ရောက်သူ နှင့် နိုင်ငံခြားသား ကျောင်းသားများအား အင်တာဗျူးမေးမြန်းချိန်အတောအတွင်း လမ်းညွှန်မှု ပေးအပ်နိုင်ပါသည်။

# 4 ကျောင်းတွင်း အကြမ်းဖက်မှုအတွက် အထူးအဖွဲ့မှ ဆွေးနွေးညှိနှိုင်းခြင်း

- ကျောင်းတွင်း အကြမ်းဖက်မှုအပေါ် စုံစမ်းစစ်ဆေးမှုရလဒ်ပေါ် မူတည်ပြီး ကျောင်းတွင်း အကြမ်းဖက်မှုဆိုင်ရာ အထူးအဖွဲ့က ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းရန်အခြေအနေများ ပြည့်စုံမှုရှိမရှိ ဆန်းစစ်သုံးသပ်ပြီး ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းချက်အပေါ် သားကောင်ဖြစ်သူ ကျောင်းသား နှင့် သူ/သူမ၏အုပ်ထိန်းသူတို့က သဘောတူခွင့်ပြုချက် ရှိမရှိ စစ်ဆေးပါသည်။

※ ကျောင်းတွင်း အကြမ်းဖက်မှုအတွက် အထူးအဖွဲ့ဆိုသည်မှာ ကျောင်းတွင်း အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အထူးတလည် တာဝန်ရှိသည့် အဖွဲ့တစ်ခုဖြစ်ပြီး ယင်းအတွင်း ဒု- ကျောင်းအုပ်၊ လုပ်ငန်းကျွမ်းကျင်သည့် ကျောင်းတွင်း တိုင်ပင်အကြံပေးသူ တစ်ဦး၊ ကျန်းမာရေးဆိုင်ရာ ဆရာ/မ တစ်ဦး၊ တာဝန်ရှိ ဆရာ/မ တစ်ဦး (ကျောင်းတွင်း အကြမ်းဖက်မှု ကိစ္စရပ်များကို တာဝန်ခံသည့် ဆရာ/မတစ်ဦး) နှင့် ကျောင်းသားမိဘများ ပါဝင်ဖွဲ့စည်းထားပါသည်။

**<ကျောင်းတွင်း အကြမ်းဖက်မှုအတွက် အထူးအဖွဲ့မှ ဆွေးနွေးညှိနှိုင်းခြင်းမှတဆင့် အမှု ကိုင်တွယ်ခြင်း>**




## ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းခြင်း

- သားကောင်ဖြစ်သူ ကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူတို့က ဆွေးနွေးညှိနှိုင်းရေး ကော်မီတီ အစည်းအဝေးတစ်ခု ကျင်းပရန် ဆန္ဒမရှိပဲ ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းရန် အောက်ပါအခြေအနေလေးခုစလုံး ပြည့်မှီသည့် ကျောင်းတွင်း အကြမ်းဖက်မှုအသေးစား ဖြစ်ပေါ်ပါက ကျောင်းအုပ်ကြီးက ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းနိုင်ပါသည်။
  - ✓ နှစ်ပတ်ထက် မလျော့နည်းသည့် ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကုသမှု လိုအပ်သည့် ထိခိုက်ဒါဏ်ရာတစ်ခုအတွက် ဆေးဖက်ဆိုင်ရာ ထောက်ခံချက်တစ်ခု မထုတ်ပြန်ခဲ့ပါ
  - ✓ ကျောင်းတွင်း အကြမ်းဖက်မှုက အဆောက်အအုံ ပျက်စီးမှု မဖြစ်စေခဲ့ပါက သို့မဟုတ် အမှုကြောင့် ပျက်စီးခဲ့သော ထိခိုက်မှုကို ချက်ချင်း ပြန်လည်ပြင်ဆင်ခဲ့ပါက (ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအတွက် ဆေးဝါးကုသမှု ကုန်ကျစရိတ် အပါအဝင်)
  - ✓ ကျောင်းတွင်း အကြမ်းဖက်မှုက ဆက်ဖြစ်မနေပါက
  - ✓ ကျောင်းတွင်း အကြမ်းဖက်မှုက တိုင်ကြားအစီရင်ခံမှု၊ ဖော်ပြမှု သို့မဟုတ် အချက်အလက် ပေးအပ်မှုကို လက်စားချေသည့် လုပ်ဆောင်မှုတစ်ခု မဟုတ်ပါက

- ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းရာတွင် ကျောင်းသားများအကြား ပြန်လည်သင့်မြတ်ရေး၊ ကျူးလွန်သူကျောင်းသားမှ တောင်းပန်ခြင်း နှင့် သားကောင်ဖြစ်သူကျောင်းသားက ခွင့်လွှတ်ခြင်း ကဲ့သို့သော သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသားများအကြား ဆက်ဆံရေး ပြန်လည်တည်ဆောက်ရန် အားထုတ်မှုများ ပြုရမည်။ ထပ်ဆောင်း၍ ကျောင်းတွင်း နှင့် ကျောင်းပြင်ပမှ တိုင်ပင်အကြံပေးခြင်း၊ စည်းရုံးရေး လှုပ်ရှားမှုများ နှင့် စေတနာ့ဝန်ထမ်း လှုပ်ရှားမှုများအပါအဝင် ပညာပေးအစီအစဉ်များကို ကျူးလွန်သူကျောင်းသားအတွက် စီစဉ်ပေးနိုင်ပါသည် သို့မဟုတ် သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူ ကျောင်းသားတို့အကြား ဆက်ဆံရေး ပြန်လည်တည်ဆောက်ရန် အစီအစဉ်များ ပြုလုပ်နိုင်ပါသည်။

**[မှတ်ချက်] ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းခြင်းမှတဆင့် ပိတ်လိုက်ပြီးသော အမှုကိစ္စတစ်ခုအတွက် ဆွေးနွေးညှိနှိုင်းရေးကော်မီတီ အစည်းအဝေးတစ်ခု စည်းဝေးခေါ်ယူပေးရန် တောင်းဆိုခြင်း**

သဘောတရားအားဖြင့် သားကောင်ဖြစ်သူ ကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူတို့အနေဖြင့် ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်း၍ ပိတ်လိုက်ပြီးသော အမှုတစ်ခုအတွက် ဆွေးနွေးညှိနှိုင်းရေးကော်မီတီ အစည်းအဝေးတစ်ခု ခေါ်ယူရန် မတောင်းဆိုနိုင်ပါ။ သို့သော်လည်း အောက်ပါအမှုကိစ္စရပ်များတွင် ကျောင်းအုပ်ကြီးမှ အစည်းအဝေးကျင်းပရန် တောင်းဆိုနိုင်ပါသည် -

- ကျောင်းတွင်းအကြမ်းဖက်မှု၏ ရလဒ်အနေဖြင့် သားကောင်ဖြစ်သူ ကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူအပေါ် ကျရောက်စေခဲ့သည့် ပိုင်ဆိုင်ပစ္စည်းပျက်စီးမှုကို ပြန်ပြုပြင်ပေးရန် ကျူးလွန်သူကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူတို့က ကတိပြုခဲ့သော်လည်း သူ/သူမ၏ ကတိတည်ရန် ပျက်ကွက်ခဲ့ပါက
- ကျောင်းတွင်း အကြမ်းဖက်မှုအပေါ် စုံစမ်းစစ်ဆေးမှုတလျှောက် မတွေ့ခဲ့သည့် ထပ်ဆောင်းအချက်တစ်ခုကို ခွဲခြားဖော်ထုတ်ခဲ့ပါက

## 5 ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ရန် ဆွေးနွေးညှိနှိုင်းရေးကော်မီတီ စည်းဝေးရန်ခေါ်ယူခြင်း နှင့် အရေးယူဆောင်ရွက်ချက်များ

### ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်သော ဆွေးနွေးညှိနှိုင်းရေးကော်မီတီ ဆိုသည်မှာ ဘာပါလဲ။

- ယင်းက ကျောင်းတွင်း အကြမ်းဖက်မှုကို ကာကွယ်ရေး နှင့် တန်ပြန်တိုက်ဖျက်ရေး၊ သားကောင်ဖြစ်သူ ကျောင်းသားများကို ကာကွယ်ရေး၊ ကျူးလွန်သူကျောင်းသားအား လမ်းညွှန်ပေးရေး နှင့် စည်းကမ်းထိန်းသိမ်းအရေးယူမှုများပြုရေး နှင့် သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသားတို့အကြား ပဋိပက္ခကို ကြားဝင်ဖြန်ဖြေပေးရေးတို့နှင့် စပ်လျဉ်းသည့် အရေးကိစ္စများအပေါ် ဆွေးနွေးညှိနှိုင်းရန် ခရိုင် ပညာရေးရုံးအတွင်း ဖွဲ့စည်းထားသည့် တရားဝင် ကော်မီတီတစ်ခုဖြစ်ပါသည်။

- အကယ်၍ အမှုကိစ္စတစ်ခုသည် ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းနိုင်သည့် အရေးတစ်ခု မဟုတ်ပါက သို့မဟုတ် သားကောင်ဖြစ်သူ ကျောင်းသားနှင့် သူ/သူမ၏ အုပ်ထိန်းသူတို့က ကျောင်းအုပ်ကြီး၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာဖြင့် ဖြေရှင်းပေးရန် သဘောမတူပါက သက်ဆိုင်ရာကျောင်း၏ တောင်းဆိုချက်တစ်ခုမှတဆင့် ဆွေးနွေးညှိနှိုင်းရေးကော်မီတီ အစည်းအဝေးတစ်ခုကို စည်းဝေးခေါ်ယူပါသည်။

### ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ရန် ဆွေးနွေးညှိနှိုင်းရေးကော်မီတီမှ ဆွေးနွေးညှိနှိုင်းခြင်း

- **(ပါဝင်သော အရေးကိစ္စများ)** ကျောင်းတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ရန် ဆွေးနွေးညှိနှိုင်းရေး ကော်မီတီက ကျောင်းတွင်း အကြမ်းဖက်မှုနှင့် ပတ်သက်သည့် အောက်ပါ အရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းပါသည်။
  - ကျောင်းတွင်း အကြမ်းဖက်မှု ကာကွယ်ရေး နှင့် တန်ပြန်တိုက်ဖျက်ရေး
  - သားကောင်ဖြစ်သူ ကျောင်းသားအား ကာကွယ်ရေး
  - ကျူးလွန်သူကျောင်းသားများအား လမ်းညွှန်ပြသခြင်း နှင့် စည်းကမ်းထိန်းသိမ်း အရေးယူမှုများ
  - သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသားတို့အကြား ပဋိပက္ခကို ကြားဝင်ဖြန်ဖြေခြင်း
  - ကျောင်းတွင်းအကြမ်းဖက်မှု ကာကွယ်ရေး နှင့် တန်ပြန်တိုက်ဖျက်ရေးနှင့် ဆက်စပ်ပြီး ကျောင်းအုပ်ကြီးမှ တိုက်တွန်းအကြံပြုသည့် အခြားအရေးကိစ္စများ

- **(လုပ်ငန်းစဉ်)** သဘောတရားအားဖြင့် ဆွေးနွေးညှိနှိုင်းမှုကို သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသား တို့နှင့် ၄င်းတို့၏ အုပ်ထိန်းသူများပါ ဆွေးနွေးညှိနှိုင်းရေးကော်မီတီ အစည်းအဝေးကို တက်ရောက်ခြင်းဖြင့် နှင့် ထုတ်ဖော်ချက်ကို လူကိုယ်တိုင်ပြုလုပ်ခြင်းဖြင့် မျက်နှာချင်းဆိုင် လုပ်ဆောင်ရမည်။
  - သို့သော်လည်း သားကောင်ဖြစ်သူ သို့မဟုတ် ကျူးလွန်သူကောင်းသား တစ်ဦးဦးဖက်မှ တောင်းဆိုချက်တစ်ခု လုပ်ခဲ့ပါက သို့မဟုတ် ကျောင်းတည်နေရာက ကျွန်းနယ်တစ်ခုဖြစ်ခြင်း ကဲ့သို့သော အထူးအခြေအနေရပ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါက ဆွေးနွေးညှိနှိုင်းခြင်းကို ဖုန်း၊ ဗွီဒီယိုဖြင့် ခေါ်ဆိုမှု သို့မဟုတ် စာဖြင့်ရေးသားမှုမှတဆင့် လုပ်ဆောင်နိုင်ပါသည်။
  - သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသားတို့ ဆွေးနွေးညှိနှိုင်းရေးကော်မီတီ အစည်းအဝေးတွင် တက်ရောက်နေသည့်အတွက် ကျောင်းတွင်းမရှိမှုသည် မရှောင်မလွှဲ နိုင်သည့် အကြောင်းပြချက်တစ်ခုကြောင့် ဖြစ်သည့်အတွက် ကျောင်းအုပ်ကြီး၏ခွင့်ပြုချက် ဖြင့် ကျောင်းတက်သည်ဟု မှတ်ယူပေးနိုင်ပါသည်။

- **(ဆုံးဖြတ်ချက်ကို အသိပေးခြင်း)** ဆွေးနွေးညှိနှိုင်းမှုတစ်ခုပြုပြီးနောက် ဆွေးနွေးညှိနှိုင်းရေးကော်မီတီက သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသား တို့အတွက် အရေးယူဆောင်ရွက်ချက်များကို ဆုံးဖြတ်ပါသည်။
  - ခရိုင်ပညာရေးရုံးက ဆွေးနွေးညှိနှိုင်းရေးကော်မီတီ၏ ဆုံးဖြတ်ချက်ကို သားကောင် နှင့် ကျူးလွန်သူ ကျောင်းသား တို့အား သို့မဟုတ် ကျောင်းအုပ်ကြီးအား အသိပေးပါသည်၊ သို့မှသာ ဆွေးနွေးညှိနှိုင်းခဲ့သလို အရေးယူ ဆောင်ရွက်နိုင်ပါသည်။

## သားကောင်ဖြစ်သူ ကျောင်းသားများအား ကာကွယ်ပေးခြင်း

သားကောင်ဖြစ်သူ ကျောင်းသားအား ကာကွယ်ပေးရန်အတွက် ဆွေးနွေးညှိနှိုင်းရေး ကော်မီတီက အောက်ပါတို့ထဲမှာ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် အရေးယူမှုများကို ဆုံးဖြတ်ပါသည်။ ဆုံးဖြတ်ချက်ချပြီးနောက်တွင် ခရိုင်ပညာရေးရုံးက သားကောင်ဖြစ်သူ ကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူထံမှ သဘောတူခွင့်ပြုချက်ရယူပြီး အရေးယူဆောင်ရွက်မှု (များ)ကို ခုနစ်ရက်အတွင်း အကောင်အထည်ဖော်ကြောင်း သေချာအောင်လုပ်ပါသည်။

- **ကျောင်းတွင်း နှင့် ကျောင်းပြင်ပရှိ ကျွမ်းကျင်သူများထံမှ စိတ်ပိုင်းဆိုင်ရာ တိုင်ပင်အကြံပေးမှု နှင့် အကြံဉာဏ်များ** - ကျောင်းတွင်း အကြမ်းဖက်မှုကြောင့် ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမှ သားကောင်ဖြစ်သူ ကျောင်းသား ပြန်လည်နာလန်ထူလာနိုင်စေမည့်ကျောင်းတွင်း နှင့် ကျောင်းပြင်ပရှိ ကျွမ်းကျင်သူတစ်ဦးထံမှတဆင့် စိတ်ပိုင်းဆိုင်ရာ တိုင်ပင်အကြံပေးမှုနှင့် အကြံဉာဏ်ပေးအပ်ရန် အရေးယူဆောင်ရွက်မှု
- **ယာယီ ခိုလှုံရာ** - သားကောင်ဖြစ်သူ ကျောင်းသားအနေဖြင့် ဆက်လက်အကြမ်းဖက်မှု ခံစားရရန် သို့မဟုတ် ကျူးလွန်သူ ကျောင်းသားထံမှ လက်စားချေမှုခံရရန် အန္တရာယ်ရှိပါက သားကောင်ဖြစ်သူ ကျောင်းသားအား ကာကွယ်ပေးရန် ခိုလှုံရာနေရာ၊ အိမ် သို့မဟုတ် တိုင်ပင်အကြံပေးသူ၏ ကျောင်းရှိအခန်းတစ်ခုတွင် နေနိုင်အောင်စီစဉ်ပေးရန် လုပ်ဆောင်မှုတစ်ခု
- **ဆေးဝါးကုသမှု နှင့် စောင့်ရှောက်မှု** - ကျောင်းတွင်း အကြမ်းဖက်မှု၏ ရလဒ်အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒါဏ်ရာတစ်ခုအတွက် ဆေးကုသရေးဌာနတစ်ခုတွင် သားကောင်ဖြစ်သူ ကျောင်းသားအနေဖြင့် ကုသမှုရရှိအောင် စီစဉ်ပေးရန် လုပ်ဆောင်မှုတစ်ခု

  ※ သားကောင်ဖြစ်သူ ကျောင်းသားတစ်ဦးက အိမ်တွင် သို့မဟုတ် စောင့်ရှောက်ရေးဌာန တစ်ခု တွင် ကုသမှု ခံယူရရှိပါက သားကောင်ဖြစ်သူ ကျောင်းသားအနေဖြင့် ကုသမှုကာလကို ခွဲခြားဖော်ပြသည့် ထောက်ခံစာတစ်စောင် သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းသက်သေ တစ်ခုကို ကျောင်းသို့ တင်သွင်းရပါမည်။
- **အတန်းပြောင်းခြင်း** - သားကောင်ဖြစ်သူ ကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူတို့၏ အမြင်ကို ထင်ဟပ်သည့်အနေဖြင့် သားကောင်ဖြစ်သူ ကျောင်းသားအား ကျောင်းတွင်းရှိ အခြားအတန်းသို့ပြောင်းပေးရန် လုပ်ဆောင်မှုတစ်ခု
- **သားကောင်ဖြစ်သူ ကျောင်းသား ကာကွယ်ပေးရန် မလုပ်မဖြစ် အခြားလုပ်ဆောင်မှုများ** ကျောင်းတွင်း အကြမ်းဖက်မှုအမျိုးအစား နှင့် သားကောင်ဖြစ်သူ ကျောင်းသား၏ အသက်အရွယ်ကို ထည့်သွင်းစဉ်းစားပြီး ဆေးဖက်ဆိုင်ရာဌာနများ၊ ဥပဒေရေးရာ အကူအညီပေးသည့် အဖွဲ့အစည်းများ နှင့် ကျောင်းတွင်း အကြမ်းဖက်မှုနှင့် ဆက်စပ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် နှင့် ထောက်ပံ့ကူညီရန် လုပ်ဆောင်မှုတစ်ခု

**[မှတ်ချက်] သားကောင်ဖြစ်သူ ကျောင်းသားများအား ကာကွယ်ပေးရန် ထပ်ဆောင်း အထောက်အပ**

- (ကျောင်းခေါ်ချိန် အသိအမှတ်ပြုခြင်း) အကယ်၍ ကျောင်းအုပ်ကြီးက မလုပ်မဖြစ်ဟု အသိအမှတ်ပြုပါက၊ ကျောင်းသားအပေါ် အကာအကွယ်ပေးသည့် လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သဖြင့် ကျောင်းပျက်ကွက်ပါက အကာအကွယ် လိုအပ်သည့် သားကောင်ဖြစ်သူ ကျောင်းသားတစ်ဦး ကျောင်းမှပျက်ကွက်ခြင်းကို ကျောင်းတက်ရောက်မှုအဖြစ် အသိအမှတ်ပြုပေးနိုင်ပါသည်။ ယင်းသို့ဖြစ်လာပါက ဆေးဖက်ဆိုင်ရာ ထောက်ခံစာတစ်စောင် သို့မဟုတ် ဆရာဝန်မှတ်ချက်တစ်ခုကို ရည်ရွယ်ရာ အချက်အလက်အဖြစ် လိုအပ်ပါသည်။
- (အကျိုးယုတ်ခြင်းကို တားမြစ်ခြင်း) အကာအကွယ်ပေးရေး လုပ်ဆောင်မှုများ၏ ရလဒ်အနေဖြင့် သားကောင်ဖြစ်သူ ကျောင်းသားတွင် ပညာရေးပိုင်းဆိုင်ရာ စွမ်းဆောင်ရည် အကဲဖြတ်မှုတွင် အကျိုးယုတ်မှုမရှိကြောင်း သေချာပါစေ။ ထို့အပြင် သားကောင်ဖြစ်သူကျောင်းသားသည် ကျောင်းမှ ပျက်ကွက်ပါက သို့မဟုတ် စာမေးပွဲတစ်ခု လာမဖြေနိုင်ပါက ကျောင်းမှတ်တမ်း စီမံခန့်ခွဲရေး စည်းကမ်းများအရ ကျောင်းသားအပေါ်တွင် အကျိုးယုတ်မှုတစ်ခုခုမဖြစ်အောင် ကာကွယ်ပေးရန် လိုအပ်သည့်အရေးယူမှုများကို လုပ်ဆောင်ရမည်။
- (အချက်အလက်များ ပေးအပ်ခြင်း) သားကောင်ဖြစ်သူ ကျောင်းသားအတွက် ကာကွယ်ရေးလုပ်ဆောင်ချက်များပေးရန် ဆုံးဖြတ်ချက်တစ်ခုပြုလုပ်ပါက သားကောင်ဖြစ်သူ ကျောင်းသားအနေဖြင့် ကျောင်းမှ အောက်ပါအချက်အလက်များအားဖြင့် လမ်းညွှန်မှု ရရှိနိုင်ပါသည် -
  - ကျောင်းတွင်း အကြမ်းဖက်မှုမှ သားကောင်ဖြစ်သူ ကျောင်းသားများအား ထောက်ကူပေးသည့် အဖွဲ့အစည်းများဆိုင်ရာ အချက်အလက်
  - ကျောင်းတွင်း အကြမ်းဖက်မှုမှ သားကောင်ဖြစ်သူ ကျောင်းသားများအား ကူညီပေးသည့် အစီအစဉ်များဆိုင်ရာ အချက်အလက်
  - ကျောင်းတွင်း အကြမ်းဖက်မှုနှင့် ဆက်စပ်သည့် ပြန်လည်သင့်မြတ်ရေး နှင့် ပဋိပက္ခ ကြားဝင်ဖြန်ဖြေရေး ပေးအပ်သည့် အဖွဲ့အစည်းများဆိုင်ရာ အချက်အလက်

### ကျူးလွန်သူ ကျောင်းသားများအတွက် လုပ်ဆောင်သော အရေးယူမှုများ

သားကောင်ဖြစ်သူ ကျောင်းသားအား ကာကွယ်ရေးအတွက် နှင့် ကျူးလွန်သူကျောင်းသားအား လမ်းညွှန်ပေးရေး နှင့် ပညာပေးရေးအတွက် ဆွေးနွေးညှိနှိုင်းရေး ကော်မီတီက အောက်ပါတို့မှ တစ်ခု သို့မဟုတ် ပိုသည့် အရေးယူမှုများကို ဆုံးဖြတ်ပါသည်

- **သားကောင်ဖြစ်သူ ကျောင်းသားထံ တောင်းပန်စာ** - ကျူးလွန်သူ ကျောင်းသားမှ ကျူးလွန်ခဲ့သည့် အကြမ်းဖက်လုပ်ဆောင်မှုအကြောင်း သားကောင်ဖြစ်သူ ကျောင်းသားထံ စာဖြင့်ရေးသားတောင်းပန်ရေးကို စီစဥ်ရန် လုပ်ဆောင်ချက်တစ်ခု။
- **သားကောင်ဖြစ်သူ ကျောင်းသား သို့မဟုတ် ကျောင်းတွင်း အကြမ်းဖက်မှုကို တိုင်ကြားအစီရင်ခံခဲ့သည့် ကျောင်းသားတစ်ဦးအား ကိုယ်ထိလက်ရောက် ထိတွေ့ခြင်း၊ ခြိမ်းခြောက်ခြင်း နှင့် ဆန့်ကျင်လက်စားချေခြင်းကို ကာကွယ်ခြင်း** ကျူးလွန်သူ ကျောင်းသားမှ သားကောင်ဖြစ်သူ ကျောင်းသား သို့မဟုတ် ကျောင်းတွင်း အကြမ်းဖက်မှုကို တိုင်ကြားအစီရင်ခံခဲ့သည့် ကျောင်းသားတစ်ဦးအား ကိုယ်ထိလက်ရောက် ထိတွေ့မှု နှင့် ထပ်ဆောင်းအကြမ်းဖက်မှု သို့မဟုတ် လက်စားချေမှုတစ်ခုခုကို ကာကွယ်ရန် လုပ်ဆောင်မှုတစ်ခု
- **ကျောင်းတွင်း စေတနာ့ဝန်ထမ်းအလုပ်** - ကျူးလွန်သူကျောင်းသားအား ကျောင်းပရဝုဏ်များအတွင်း စေတနာ့ဝန်ထမ်းအလုပ်များ လုပ်ဆောင်စေခြင်းဖြင့် မိမိဖာသာ ထင်ဟပ်တုံ့ပြန်ရန် နှင့် နောင်တရရန် အခွင့်အလမ်းတစ်ခု ပေးအပ်ရန် လုပ်ဆောင်မှုတစ်ခု
- **လူ့အသိုင်းအဝိုင်းတွင်း ဝန်ဆောင်မှု** - ပြည်သူပိုင် အဖွဲ့အစည်း သို့မဟုတ် ကျောင်းပြင်ပရှိ သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုတွင် လူ့အသိုင်းအဝိုင်းအတွက် ဝန်ဆောင်မှုဆိုင်ရာ လုပ်ဆောင်ချက်များ ဆောင်ရွက်ခြင်းဖြင့် ကျူးလွန်သူကျောင်းသားအား အသိုင်းအဝိုင်းဝင်တစ်ဦးအနေဖြင့် တာဝန်သိစိတ်တစ်ခု ခံစားရစေရန် နှင့် သူ/သူမဖာသာ ထပ်ဟပ်တုံ့ပြန်မှု ပေးအပ်ရန် လှုပ်ရှားမှုတစ်ခု
- **ကျောင်းတွင်း နှင့် ကျောင်းပြင်ပရှိ ကျွမ်းကျင်သူများထံမှ အထူးပညာပေးရေး သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ကုထုံး** - ကျူးလွန်သူကျောင်းသားအနေဖြင့် အထူးလေ့ကျင့်သင်ကြားမှု ပြီးစီးစေရန် နှင့်/သို့မဟုတ် ပညာရေးရုံးတစ်ခုစီမှ ဌာနအုပ်မှ ခွဲခြားသတ်မှတ်ပေးသည့် အဖွဲ့အစည်းတစ်ခုတွင် ဆွေးနွေးညှိနှိုင်းရေး ကော်မီတီမှ သတ်မှတ်သည့်ကာလတစ်ခုအတွင်း စိတ်ပိုင်းဆိုင်ရာကုထုံး လက်ခံရရှိအောင် စီစဥ်ရန်အတွက် လုပ်ဆောင်မှုတစ်ခု
- **ကျောင်းမှ ဆိုင်းငံ့ခြင်း** - သားကောင်ဖြစ်သူ ကျောင်းသားအား ကျူးလွန်သူကျောင်းသားထံမှ ခွဲထုတ်ထားခြင်းဖြင့် သားကောင်ဖြစ်သူ ကျောင်းသားအား ယာယီ အကာအကွယ်ပေးရန် နှင့် ကျူးလွန်သူ ကျောင်းသားအနေဖြင့် မိမိဖာသာ ထင်ဟပ်တုံ့ပြန်ရန် နှင့် နောင်တတရား ပေးအပ်ရန် ကျူးလွန်သူကျောင်းသားအား ကျောင်းမတက်စေရန် လုပ်ဆောင်ချက်တစ်ခု

  ※ ကျူးလွန်သူကျောင်းသား၏ ဆိုင်းငံကာလကို ကျောင်းတက်ရက်အရေအတွက်တွင်း မပါဝင်စေသင့်ပါသော်လည်း ခွင့်မတိုင်သည့် ပျက်ကွက်မှုကာလတစ်ခုအဖြစ် ဆက်လက် ကိုင်တွယ်ပါမည်။
- အတန်းပြောင်းခြင်း - ကျူးလွန်သူကျောင်းသားကို သားကောင်ဖြစ်သူ ကျောင်းသားထံမှ ခွဲထုတ်ထားနိုင်ရန် ကျူးလွန်သူကျောင်းသားအား ကျောင်းတွင်းရှိ အခြားအတန်းတစ်ခုသို့ ပြောင်းရွှေ့ရန် လုပ်ဆောင်မှုတစ်ခု
- အခြားကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ခြင်း - ကျူးလွန်သူကျောင်းသားအား သားကောင်ဖြစ်သူ ကျောင်းသားထံမှ ခွဲထုတ်ထားရန် နှင့် ကျူးလွန်သူကျောင်းသားမှ သားကောင်ဖြစ်သူ ကျောင်းသားအား ဆန့်ကျင်ပြီး ထပ်မံ အကြမ်းဖက်လုပ်ဆောင်မှုများကို ကာကွယ်ရန် ကျူးလွန်သူကျောင်းသားအား အခြားကျောင်းတစ်ခုသို့ ပြောင်းရွှေ့ရန် လုပ်ဆောင်မှုတစ်ခု
- ကျောင်းမှ ထုတ်ပယ်ခြင်း - သားကောင်ဖြစ်သူ ကျောင်းသားအား ကာကွယ်ရန်နှင့် ကျူးလွန်သူကျောင်းသားသည် လမ်းညွှန်၍မရနိုင် သို့မဟုတ် ပညာပေး၍မရနိုင်ဟု အသိအမှတ်ပြုသောအခါ လုပ်ဆောင်သည့် လုပ်ဆောင်မှုတစ်ခု (မသင်မနေရ ပညာရေးစနစ်အတွင်း အမည်စာရင်းပေးသွင်းထားသည့် ကျူးလွန်သူကျောင်းသားအတွက် အကျုံးမဝင်ပါ)

  ※ ကျူးလွန်သူ ကျောင်းသားက အရေးယူမှုကို ငြင်းဆန်ပါက သို့မဟုတ် လွတ်အောင်ရှောင်ပါက ဆွေးနွေးညှိနှိုင်းရေး ကော်မီတီအနေဖြင့် သက်ဆိုင်ရာပညာရေးရုံးမှ ဌာနမှူးအား အခြားအရေးယူမှုတစ်ခု လုပ်ဆောင်ရန် တောင်းဆိုနိုင်ပါသည်။

**[မှတ်ချက်] ကျူးလွန်သူကျောင်းသား နှင့် သူ/သူမ၏ အုပ်ထိန်းသူအတွက် အထူးပညာပေး**

- ကျူးလွန်သူကျောင်းသားအတွက် အထူးပညာပေးရေးကို 'ကျူးလွန်သူကျောင်းသားအား ဆန့်ကျင်၍ လုပ်ဆောင်သည့် အရေးယူမှုအဖြစ် အထူးပညာပေး' နှင့် "သားကောင်ဖြစ်သူကျောင်းသားထံ တောင်းပန်စာ' ရေးသားပြီးဖြစ်ကာ 'ကျောင်းမှ ဖယ်ရှားခြင်း' ခံရပြီးသည့် ကျူးလွန်သူကျောင်းသားအတွက် 'ထပ်ဆောင်း အထူးပညာပေး' အဖြစ် ခွဲခြားနိုင်ပြီး ၎င်းအနေဖြင့် အထူးလေ့ကျင့်သင်ကြားမှု ပြီးစီးရမည် သို့မဟုတ် ပညာရေးရုံးတစ်ခုစီ၏ ဌာနအုပ်မှ ခွဲခြားသတ်မှတ်ပေးသည့် အဖွဲ့အစည်းတစ်ခုတွင် စိတ်ပိုင်းဆိုင်ရာ ကုထုံးရရှိရမည်။
- ကျူးလွန်သူ ကျောင်းသား၏ အုပ်ထိန်းသူအနေဖြင့်လည်း အထူးလေ့ကျင့်သင်ကြားမှု ပြီးစီးရမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်မှုတစ်ခုကို ကိုးရီးယားဝမ် ၃ သန်းထက် မပိုသည့် ပမာဏဖြင့် ဒါဏ်ငွေတပ်နိုင်ပါသည်။

## 6 ဆက်ဆံရေး ပြန်လည်တည်ဆောက်ရေး နှင့် ပဋိပက္ခ ကြားဝင်ဖြန်ဖြေရေး

- **(ဆက်ဆံရေး ပြန်လည်တည်ဆောက်ရေး)** သက်ဆိုင်ရာကျောင်းက သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူ ကျောင်းသားတို့နှင့် တစ်ဦးချင်း အင်တာဗျူးမေးမြန်းမှု ကြိုတင် ပြုလုပ်ခြင်းဖြင့် ဆက်ဆံရေး ပြန်လည်တည်ဆောင်ရေး အစီအစဉ်တစ်ခုကို စီစဉ်ပေးပါသည်၊ သို့မှသာ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ပုံမှန်ဘဝကို ပြန်လည်ရောက်ရှိနိုင်ပါသည် သို့မဟုတ် နားလည်မှု နှင့် ပြောဆိုဆက်သွယ်မှုမှတဆင့် ၎င်းတို့၏ ဆက်ဆံရေးကို ပြန်လည်တည်ဆောင်နိုင်ပါသည်။
  - ကျောင်းသားများ တက်ရောက်အောင် တွန်းအားပေးခြင်းထက် သားကောင်ဖြစ်သူ ကျောင်းသား၏ အမြင်ကို ဦးစားပေးထည့်သွင်းစဉ်းစားခြင်းဖြင့် ဆက်ဆံရေး ပြန်လည်တည်ဆောက်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ရပါမည်။
  - ဆက်ဆံရေး ပြန်လည်တည်ဆောက်ရေးအစီအစဉ် တစ်ခုကို သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူ ကျောင်းသား နှစ်ဖက်စလုံးမှ သဘောတူခွင့်ပြုချက်ဖြင့်သာ အကောင်အထည်ဖော်နိုင်ပြီး ကျောင်းသားတစ်ဦးဦးမှ အစီအစဉ်တွင်း ပါဝင်ခြင်းကို ရပ်တန့်လိုသောဆန္ဒ ဖော်ပြသည့်အချိန်တွင် ယင်းကို အဆုံးသတ်နိုင်ပါသည်။

- **(ပဋိပက္ခ ကြားဝင် ဖြန်ဖြေမှု)** ကျောင်းတွင်း အကြမ်းဖက်မှုနှင့် ဆက်စပ်ပြီးပေါ်ပေါက်သည့် ထိခိုက်ပျက်စီးမှုမှ ပေါ်ထွန်းလာသည့် သားကောင်ဖြစ်သူ နှင့် ကျူးလွန်သူကျောင်းသား သို့မဟုတ် ၎င်းတို့၏ အုပ်ထိန်းသူများအကြား ပဋိပက္ခကို ဆွေးနွေးညှိနှိုင်းရေး ကော်မီတီက ကြားဝင်ဖြန်ဖြေသင့်ပါသည်။
  - **(ပဋိပက္ခ ကြားဝင်ဖြန်ဖြေပေးရန် တောင်းဆိုချက်)** ပဋိပက္ခတစ်ခုတွင်း ပါဝင်ခဲ့သူတစ်ဦး (သားကောင် သို့မဟုတ် ကျူးလွန်သူ) အနေဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များအတွင်း 'ပဋိပက္ခ ကြားဝင်ဖြန်ဖြေရေး လျှောက်လွှာဖောင်ပုံစံ' ကို ဖြည့်ပြီး ဆွေးနွေးညှိနှိုင်းရေး ကော်မီတီထံ တင်သွင်းခြင်းဖြင့် ပဋိပက္ခ ကြားဝင်ဖြန်ဖြေမှုတစ်ခု တောင်းဆိုနိုင်ပါသည် -
    - ☑ ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာအတွက် ဆေးဝါးကုသမှု ကုန်ကျစရိတ်အတွက် ကဲ့သို့ ငွေကြေး အလျော်ပေးရန် သားကောင်ဖြစ်သူ ကျောင်းသားမှ တောင်းဆိုခြင်း
    - ☑ ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာအတွက် ဆေးဝါးကုသမှု ကုန်ကျစရိတ်အတွက် ကဲ့သို့ ငွေကြေး အလျော်ပေးမှုမှတဆင့် ကျေအေးရန် ကျူးလွန်သူ ကျောင်းသားက တောင်းဆိုခြင်း

    ※ ပဋိပက္ခ ကြားဝင်ဖြန်ဖြေမှု တောင်းဆိုသည်နှင့်တပြိုင်နက် ဆွေးနွေးညှိနှိုင်းရေး ကော်မီတီမှ ဆွေးနွေးညှိနှိုင်းမှုကို ငါးရက်အတွင်း စတင်သင့်ပါသည်။ ပဋိပက္ခ ကြားဝင်ဖြန်ဖြေရေးကာလသည် တစ်လအောက် ဖြစ်သင့်ပါသည်။

  - **(ပဋိပက္ခ ကြားဝင်ဖြန်ဖြေမှုကို ငြင်းဆန်ခြင်း/ ဆိုင်းငံ့ခြင်း)** အောက်ပါတို့မှ ကိစ္စရပ်တစ်ခုခုတွင် ပဋိပက္ခ ကြားဝင်ဖြန်ဖြေမှုကို ပယ်ဖျက်နိုင် သို့မဟုတ် ဆိုင်းငံ့နိုင်ပါသည် -
    - ☑ ပဋိပက္ခ ကြားဝင်ဖြန်ဖြေရေး ဆက်လုပ်လုပ်ဆောင်ရန် တစ်ဖက်ဖက်မှ ငြင်းဆန်ခြင်း
    - ☑ ကျောင်းတွင်း အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး သားကောင်ဖြစ်သူ ကျောင်းသားမှ ကျူးလွန်သူ ကျောင်းသားအားဆန့်ကျင်ပြီး စွပ်စွဲခြင်း သို့မဟုတ် အရပ်ဖက်တရားရုံးတွင် စွဲဆိုရန် ဖိုင်တင်သွင်းခြင်း
    - ☑ ပဋိပက္ခ ကြားဝင်ဖြန်ဖြေရေး လျှောက်လွှာပုံစံပါ အကြောင်းအရာက မှားယွင်းနေခြင်း သို့မဟုတ် တရားစွဲဆိုရန် ခိုင်လုံသော အကြောင်းပြချက်မရှိခြင်း

  - **(ပဋိပက္ခ ကြားဝင်ဖြန်ဖြေရေး ပြီးမြောက်ခြင်း)** ပဋိပက္ခ ကြားဝင်ဖြန်ဖြေမှုတစ်ခု ပြီးမြောက်သောအခါ ဆွေးနွေးညှိနှိုင်းရေး ကော်မီတီက ပဋိပက္ခ၏ အသေးစိတ်အချက်များ နှင့် ကြားဝင်ဖြန်ဖြေမှု၏ ရလဒ်အသေးစိတ်များကို စာဖြင့်ရေးသားထားသည့် သဘောတူညီချက်တစ်ခုအား ပါဝင်သော ပါတီများထံ ပေးပို့ပါသည်။ ပဋိပက္ခ ကြားဝင်ဖြန်ဖြေမှုတစ်ခု ပြီးမြောက်ခြင်းဆိုသည်မှာ ဆွေးနွေးညှိနှိုင်းရေး ကော်မီတီ အစည်းအဝေးတစ်ခု မကျင်းပ သို့မဟုတ် ကျူးလွန်သူ ကျောင်းသားအား ဆန့်ကျင်အရေးယူမှု မပြုဟု မဆိုလိုပါ။ သို့သော်လည်း ကျူးလွန်သူကျောင်းသားအပေါ် အရေးယူမှုများအတွက် ဆုံးဖြတ်ချက်တစ်ခု ပြုလုပ်ချိန်ဟု မှတ်ယူနိုင်ပါသည်။

## [နောက်ဆက်တွဲ ၁] ကျောင်းတွင်း အကြမ်းဖက်မှုကို တိုင်ကြားအစီရင်ခံခြင်း နှင့် တွဲဖက် အဖွဲ့အစည်းများ

**လူငယ် တိုင်ပင်အကြံပေးရေး စင်တာ**

လူငယ် တိုင်ပင်အကြံပေးရေး စင်တာက အကျပ်အတည်း နှင့် ကျောင်းတွင်း အကြမ်းဖက်မှုတွင်း ကျရောက်နေသည့် လူငယ်အကြောင်း တိုင်ကြားအစီရင်ခံချက်များ လက်ခံရယူပြီး တိုင်ပင် အကြံပေးရေး ဝန်ဆောင်မှု ကမ်းလှမ်းပေးပါသည်။

1388 www.cyber1388.kr

**ဘလူးထရီး ဖောင်ဒေးရှင်း (The Blue Tree Foundation)**

The Blue Tree Foundation က ကျောင်းတွင်း အကြမ်းဖက်မှုအတွက် အွန်လိုင်း နှင့် ဖုန်းပေါ်မှနေ၍ တိုင်ပင်အကြံပေးရေး ဝန်ဆောင်မှု ပေးအပ်ပြီး သားကောင်ဖြစ်သူ ကျောင်းသားများ နှင့် ၎င်း တို့၏မိသားစုများအား လမ်းညွှန်မှုများ ပေးပါသည်။ ကျောင်းတွင်း အကြမ်းဖက်မှု အက်စ်အိုအက်စ် (SOS) အထောက်အပံ့ အုပ်စုက ပြန်လည်သင့်မြတ်ရေး နှင့် ပဋိပက္ခကျေအေးရေး သာမက တိုင်ပင်အကြံပေးဝန်ဆောင်မှုများ နှင့် အကြံဉာဏ်များ ကမ်းလှမ်းပေးပါသည်။

1588-9128 www.btf.or.kr

**ကိုးရီးယား ဥပဒေရေးရာ အကူအညီဆိုင်ရာ ကော်ပိုရေးရှင်း**

ကိုးရီးယား ဥပဒေရေးရာ အကူအညီဆိုင်ရာ ကော်ပိုရေးရှင်းက ရှေ့နေများ နှင့် ပြည်သူ့ တရားစီရင်ရေးအရာရှိများဖြင့် ဥပဒေရေးရာအတိုင်ပင်ခံရုံသာမက ဥပဒေရေးရာ အကူအညီ နှင့် ရာဇဝတ်သား ခုခံရေးဝန်ဆောင်မှုများ အပါအဝင် ဥပဒေရေးရာဝန်ဆောင်မှု များ ကမ်းလှမ်းပေးပါသည်။

132 www.klac.or.kr

**ကိုးရီးယား ဥပဒေရေးရာ အကူအညီဆိုင်ရာ ကော်ပိုရေးရှင်း**

ကျောင်းများ နှင့် ပညာရေးရုံးများက ကျောင်းသား တိုင်ပင်အကြံပေးရေး ဝန်ဆောင်မှုများ ကမ်းလှမ်းပါသည်။

※ ဝီ စာသင်ခန်း (ကျောင်း) - ဝီ စင်တာ (ခရိုင် ပညာရေးရုံး) - ဝီ ကျောင်း (ပြည်နယ်/မြို့တော် ပညာရေးရုံး)

www.wee.go.kr

**ဒိုရန် ဒိုရန် (Dorandoran)**

Dorandoran က ကျောင်းတွင်း အကြမ်းဖက်မှု တားဆီးကာကွယ်ရေး နှင့် တုံ့ပြန်ရေးအတွက် ပညာပေးပိုင်းဆိုင်ရာ အကြောင်းအရာများ ကမ်းလှမ်းပေးပါသည်။

www.dorandoran.go.kr

**အက်ဒျူနက် တီ - ကလီးယား (Edunet T-Clear)**

Edunet T-Clear က ကျောင်းတွင်း အကြမ်းဖက်မှု နှင့် ဆက်စပ်သည့် သင်ကြားရေး နှင့် လေ့လာသင်ယူရေး သင်ထောက်ကူပစ္စည်းများသာမက ဆိုက်ဘာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေး နှင့် အချက်အလက် ကျင့်ဝတ်နှင့်ညီရေး ပညာပေး သင်ထောက်ကူပစ္စည်းများကိုလည်း ကမ်းလှမ်းပေးပါသည်။

www.edunet.net

ဆိုက်ဘာ လုံခြုံရေး အကာအကွယ (Cyber Safety Protector)

**ကိုးရီးယားနိုင်ငံတော် ရဲ အေဂျင်စီ၏ ဆိုက်ဘာ လုံခြုံရေး အကာအကွယ် (Cyber Safety Protector of Korean National Police Agency)**

Cyber Safety Protector က ဆိုက်ဘာ ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားအစီရင်ခံမှုများကို လက်ခံရယူပြီး တိုင်ပင်အကြံပေးရေး ဝန်ဆောင်မှုများ ကမ်းလှမ်းပေးပါသည်။

www.police.go.kr/www/security/cyber.jsp

**လုံခြုံရေး အိပ်မက် (SAFETY Dream) (ပျောက်ဆုံးနေသူများအတွက် နိုင်ငံတော် ရဲ အေဂျင်စီ စင်တာ)**

Safety Dream က ကျောင်းတွင်း အကြမ်းဖက်မှု နှင့် ဆိုက်ဘာ အကြမ်းဖက်မှုဆိုင်ရာ တိုင်ကြားအစီရင်ခံမှုများကို လက်ခံရယူပြီး တိုင်ပင်အကြံပေးရေး ဝန်ဆောင်မှုများ ကမ်းလှမ်းပေးပါသည်။

www.safe182.go.kr

**အင်တာနက် စွဲခြင်း တားဆီးကာကွယ်ရေး စင်တာ (Internet Addiction Prevention Center)**

Internet Addiction Prevention Center က အင်တာနက်စွဲခြင်းနှင့် ဆက်စပ်သည့် တိုင်ပင်အကြံပေးရေး ဝန်ဆောင်မှုများ ကမ်းလှမ်းပါသည် (ကြော်ငြာသင်ပုန်း နှင့်/သို့မဟုတ် မက်ဆန်ဂျာ မှတဆင့်)။

www.iapc.or.kr

## [နောက်ဆက်တွဲ ၂] ကျောင်းတွင်း အကြမ်းဖက်မှု၏ သားကောင်များ

(၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်သည်)

| ဒေသ | နံပါတ် | အဖွဲ့အစည်း | လိပ်စာ | ဆက်သွယ်ရန် | အမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | | | | | တိုင်ပင်အကြံပေးမှု | ယာယီ ခိုလှုံရာ | | ဆေးရုံ |
| | | | | | | အရေးပေါ် | ဘော်ဒါ | |
| နိုင်ငံတော် (၁) | 1 | ဟေမာလ်ဂမ် ပျောက်ကင်းရေး စင်တာ (Haemalgum Healing Center) | 77, Daegeum-ro, Yuseong-gu, Daejeon, Korea | +8270-7119-4119 | O | - | O | - |
| ဆိုးလ် (၃) | 2 | ဆိုးလ် ဝီ စင်တာ (Seoul Wee Center) | 48, Songwol-gil, Jongno-gu, Seoul, Korea | +82-2-3999-505 | O | O | - | - |
| | 3 | ဆိုးလ် မယ်အူမီရမ်း ဝီ စင်တာ (Seoul Maeumirang Wee Center) | #106, Seoul Seongdong District Office of Education, 280, Gosanja-ro, Seongdong-gu, Seoul, Korea | +82-2-2297-7887 | O | O | - | - |
| | 4 | ဆိုးလ် ဘယ်လ်ဂျူးမီရမ်း ဝီ စင်တာ (Seoul Balgeumirang Wee Center) | 97, Nambusunhwan-ro 172-gil, Gwanak-gu, Seoul, Korea | +82-2-853-2460 | O | O | - | - |
| ဘူစန်း (၁) | 5 | ပဒိုပက္ခ ပြန်လည်သင့်မြတ်ရေး စင်တာ (အရေးပေါ်) | #125, 1-dong, 291, Hasinjungang-ro, Saha-gu, Busan, Korea | +82-51-203-8116 | O | - | - | - |
| ဒယ်ဂု (၁) | 6 | ဒယ်ဒေါင်း ဝီ စင်တာ (Daedong Wee Center) | 1F, Daedong Hospital Annex Building, 177-2, Hwarang-ro, Dong-gu, Daegu, Korea | +82-53-746-7386 | O | - | - | O |
| အင်ချွန်း (၁) | 7 | အင်ချွန်း ဝီ စင်တာ (Incheon Wee Center) (အချစ် နှင့် မျှော်လင့်ချက်အတွက် ပစ်ဂ်မာလီယွန် စင်တာ (Pygmalion Center of Love and Hope)) | 2F, 73, Munhwa-ro 169beongil, Namdong-gu, Incheon, Korea | +82-32-550-1703 | O | - | - | - |
| ဂွမ်းဂျူ (၄) | 8 | ဂွမ်းဂျူ လူငယ် တိုင်ပင်အကြံပေးရေး နှင့် ရှင်သန်ချမ်းမြေ့ရေး စင်တာ (Gwangju Youth Counseling & Welfare Center) | 5F, 173, Sangmujayu-ro, Seo-gu, Gwangju, Korea | +82-62-226-8181 | O | - | - | - |
| | 9 | မယ်အူမီယွန်း စိတ်ပိုင်းဆိုင်ရာ အတိုင်ပင်ခံရေး စင်တာ (Maeumieum Psychological Consultation Center) | 5F, 888, Hoejae-ro, Seo-gu, Gwangju, Korea | +82-62-654-3030 | O | - | - | - |
| | 10 | အင်နူရီ ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေး နှင့် စိတ်ပိုင်းဆိုင်ရာ စင်တာ (Inuri Child Development & Psychology Center) | 4F, Sangji Bldg., 510, Seoljuk-ro, Buk-gu, Gwangju, Korea | +82-62-574-6850 | O | - | - | - |
| | 11 | ဟိုနမ် တက္ကသိုလ် ကျောင်းသား တိုင်ပင်အကြံပေးရေး စင်တာ (Honam University Student Counseling Center) | 20, Honamdae-gil, Gwangsan-gu, Gwangju, Korea | +8-2-62-940-5630 | O | - | - | - |
| ဒယ်ဂျွန်း (၂) | 12 | ဒယ်ဂျွန်း လူငယ် တိုင်ပင်အကြံပေးရေး နှင့် ရှင်သန်ချမ်းမြေ့ရေး စင်တာ (Daejeon Youth Counseling & Welfare Center) | 6F, Daejeon YWCA Center, Daejeoncheondong-ro, Dong-gu, Daejeon, Korea | +82-42-257-2000 | O | - | - | - |
| | 13 | ဒယ်ဂျွန်း ဝိုင်အမ်စီအေ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ တိုင်ပင်အကြံပေးရေး စင်တာ (Daejeon YMCA Sexual Violence and Domestic Violence Counseling Center) | 128, Daeheung-ro, Jung-gu, Daejeon, Korea | +82-42-254-3038 | O | - | - | - |
| အူစန်း (၁) | 14 | အူစန်း မြို့တော်ကြီး ပညာရေးရုံး ပျောက်ကင်းရေး ဝီ စင်တာ (Healing Wee Center of Ulsan Metropolitan Office of Education) | 2F, 103, Eonyang-ro, Eonyang-eup, Ulju-gun, Ulsan, Korea | +82-52-255-8190 | O | O | - | - |
| စီးဂျုံး (၁) | 15 | စီးဂျုံး အာရမ် စင်တာ (Sejong Wee Center) | 2F, Jongchon Welfare Center, 116, Doum 1-ro, Sejong-si, Korea | +82-44-715-7979 | O | - | - | - |
| ကျောင်းဂီး -ဒို (၁၀) | 16 | အိပ်မက် သစ်ပင် ကလေးသူငယ်များ တိုင်ပင်အကြံပေးရေး စင်တာ (Dream Tree Children Counseling Center) | 128, Daeheung-ro, Jung-gu, Daejeon, Korea | +82-32-347-7205 | O | - | - | - |
| | 17 | နူရင် လူငယ် ပညာပေးရေး နှင့် ရှင်သန်ချမ်းမြေ့ရေး စင်တာ (Nurim Youth Education and Welfare Center) | 2F, 103, Eonyang-ro, Eonyang-eup, Ulju-gun, Ulsan, Korea | +82-31-402-4145 | O | - | - | - |
| | 18 | ရာဖေးလ် တိုင်ပင်အကြံပေးရေး နှင့် ရှင်သန်ချမ်းမြေ့ရေး စင်တာ (Raphael Counseling and Welfare Center) | 2F, Jongchon Welfare Center, 116, Doum 1-ro, Sejong-si, Korea | +82-31-832-6401 | O | - | - | - |
| | 19 | မယ်အွမ်ရှင်တီအို စိတ်ပိုင်းဆိုင်ရာ တိုင်ပင်အကြံပေးရေး စင်တာ (Maeumshimteo Psychological Counseling Center) | 91, Seohui-ro, Icheon-si, Gyeonggi-do, Korea | +82-31-635-1279 | O | - | - | - |
| | 20 | ဂျီအွမ်း စိတ်ပိုင်းဆိုင်ရာ သုတေသန စင်တာ (Jieum Psychological Research Center) | 3F, 6-1, Damunjungang 1-gil, Yongmun-myeon, Yangpyeong-gun, Gyeonggi-do, Korea | +82-31-775-5507 | O | - | - | - |
| | 21 | စူဝန်း ကလေးသူငယ်များ နှင့် လူငယ် စိတ်ကျန်းမာရေး နှင့် ရှင်သန်ချမ်းမြေ့ရေး စင်တာ (Suwon Children and Youth Mental Health and Welfare Center) | 1F, Dongmal-ro 47beon-gil, Paldal-gu, Suwon-si, Gyeonggi-do, Korea | +82-31-242-5737 | O | - | - | - |
| | 22 | တိုဒန်း လူငယ် လေ့ကျင့်သင်ကြားရေး စင်တာ (Todang Youth Training Center) | 25, Jungang-ro 633beon-gil, Deogyang-gu, Goyang-si, Gyeonggi-do, Korea | +82-31-970-0031 | O | - | - | - |
| | 23 | ဟန်ဝူးလ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့စင်တာ (Hanwool Development Supporting Center) | 4F, 544, Gyeongchunbuk-ro, Toegyewon-eup, Namyangju-si, Gyeonggi-do, Korea | +82-31-572-6377 | O | - | - | - |
| | 24 | ကိုးရီးယား ပညာရေး အဖွဲ့အစည်း (Korea Education Association) | 2F, 58, Seungdu-gil, Gongdo-eup, Anseong-si, Gyeonggi-do, Korea | +82-31-656-1885 | O | - | - | - |
| | 25 | ဟာနူးလ် ပညာရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အပံ့ စင်တာ (Hanul Educational and Cultural Support Center) | #304 & 305, Cheongseo-ro, Paju-si, Gyeonggi-do, Korea | +82-31-946-9069 | O | - | - | - |
| ဂန်ဝန်း-ဒို (၄) | 26 | (ဂျင်းဂျူ) အာအီဂျို မျှော်လင့်ချက် နှင့် အိပ်မက် စင်တာ ((Jinju) Aijoa Hope and Dream Center) = ဂျင်းဂျူ ခရိုင်ပညာရေးရုံး ဝီ စင်တာ (Wee Center of Jinju District Office of Education) | 284-24, Yeonju-ro, Jumunjin-eup, Gangneung-si, Gangwon-do, Korea | +82-33-640-6530 | O | O | - | - |

| ဒေသ | နံပါတ် | အဖွဲ့အစည်း | လိပ်စာ | ဆက်သွယ်ရန် | အမျိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | | | | | တိုင်ပင်အကြံပေးမှု | ယာယီ ခိုလှုံရာ | | ဆေးရုံ |
| | | | | | | အရေးပေါ် | ဘော်ဒါ | |
| ဂန်ဝန်း-ဒို (၄) | 27 | ဂန်ဝန်း ကျောင်းသားများအတွက် ပညာရေးစင်တာ (Gangwon Students Education Center) | 1394, Chunghyo-ro, Nam-myeon, Chuncheon-si, Gangwon-do, Korea | +82-33-269-6622 | O | O | - | - |
| | 28 | ချွန်ချွန်း မိသားစု ဝီ စင်တာ (Chuncheon Family Wee Center) | 24, Mancheon-ro 143beon-gil, Dong-myeon, Chuncheon-si, Gang-won-do, Korea | +82-33-262-1607 | O | O | - | - |
| | 29 | ဝန်ဂျူ မိသားစု ဝီ စင်တာ (Wonju Family Wee Center) | 344, Yongsugol-gil, Panbu-myeon, Won-ju-si, Gangwon-do, Korea | +82-33-761-0700 | O | O | - | - |
| ချွန်ချောင်းဘွတ်-ဒို (၁) | 30 | သားကောင်များအား ထောက်ကူရေးဆိုင်ရာ ကိုးရီးယား အဖွဲ့အစည်း (Korea Organization for Victim Assistance) ကိုဗာ ချွန်ချောင်းဘွတ်-ဒို ဌာနခွဲ (KOVA Chungcheongbuk-do Branch) | #302, 4, Hyanggun-ro 53beon-gil, Cheongwon-gu, Cheongju-si, Chungc-heongbuk-do | +82-43-224-9517 | O | - | - | - |
| ချွန်ချောင်းနမ် -ဒို (၁) | 31 | ကေကွမ်ဂရင်း စင်တာ (Kkumgrin Center) | #403, Central Village, 37-8, Cheongsu 7-ro, Cheongdang-dong, Dongnam-gu, Cheonan-si, Chungcheongnam-do, Korea | +82-70-4917-7581~5 | O | O | - | - |
| ဂျော်လာဘွတ်-ဒို (၁) | 32 | စိတ်ဒါဏ်ရာ ပျောက်ကင်းရေး စင်တာ (Mind Healing Center) (ဂျွန်ဘွတ် လူငယ် တိုင်ပင်အကြံပေးရေး နှင့် ရှင်လန်းချမ်းမြေ့ရေး စင်တာ (Jeonbuk Youth Counseling & Welfare Center)) | 346, Paldal-ro, Deokjin-gu, Jeonju-si, Jeollabuk-do, Korea | +82-63-271-0117 | O | - | - | - |
| ဂျော်လာနမ်-ဒို (၃) | 33 | ဂိုဟွမ်း လူငယ် နေရာပေးရေး စင်တာ (Goheung Youth Space Center) | 200, Deokheungyangjjok-gil, Dongil-myeon, Goheung-gun, Jeolla-nam-do, Korea | +82-61-830-1515 | O | - | - | - |
| | 34 | နာဂျူ အမျိုးသားဆေးရုံ (Naju National Hospital) | 1328-31, Senam-ro, Sanpo-myeon, Na-ju-si, Jeollanam-do, Korea | +82-61-330-4114 | - | - | - | O |
| | 35 | ဆွန်ချွန်း ဆေးဖက်ဆိုင်ရာ စင်တာ (Suncheon Medical Center) | 2, Seomunseongteo-gil, Suncheon-si, Jeollanam-do, Korea | +82-61-759-9597 | - | - | - | O |
| ဂျောင်းဆန်ဘွတ် -ဒို (၃) | 36 | ဂျောင်းဆန်ဘွတ်-ဒို လူငယ် စင်တာ (Gyeongsangbuk-do Youth Center) (ကျောင်းတွင်း အကြမ်းဖက်မှု၏ သားကောင်များ ထောက်ပံ့ရေးစင်တာ (School Violence Victims Support Cen-ter)) | 20, Chukjejang-gil, Andong-si, Gyeong-sangbuk-do, Korea | +82-54-850-1075 | O | - | - | - |
| | 37 | ယုံဂျူ ခရိုင်ပညာရေးရုံး ဝီ စင်တာ (Wee Center of Yeongju District Office of Education) | 165, Gaheung-ro, Yeongju-si, Gyeong-sangbuk-do, Korea | +82-54-630-4216 | O | - | - | - |
| | 38 | ချီဂွတ် ခရိုင် ပညာရေးရုံး ဝီ စင်တာ (Wee Center of Chilgok District Office of Education) | 33, Jungang-ro 10-gil, Waegwan-eup, Chilgok-gun, Gyeongsangbuk-do, Korea | +82-54-979-2129 | O | - | - | - |
| ဂျောင်းဆန်နမ် -ဒို (၇) | 39 | (ချန်ဝန်း) အာအီဂျို မျှော်လင့်ချက် နှင့် အိပ်မက် စင်တာ ((Changwon) Aijoa Hope and Dream Center) - ချန်ဝန်း ခရိုင် ပညာရေးရုံး ဝီ စင်တာ (Wee Center of Changwon District Office of Education) | 3, Jungang-daero 228beon-gil, Uichang-gu, Changwon-si, Gyeongsangnam-do, Korea | +82-55-210-0461 | O | - | - | O |
| | 40 | (ဂျင်းဂျူ) အာအီဂျို မျှော်လင့်ချက် နှင့် အိပ်မက် စင်တာ ((Jinju) Aijoa Hope and Dream Center) = ဂျင်းဂျူ ခရိုင်ပညာရေးရုံး ဝီ စင်တာ (Wee Center of Jinju District Office of Education) | 4F, Jinju District Office of Education, 8, Bibong-ro 23beon-gil, Jinju-si, Gyeongsangnam-do, Korea | +82-55-740-2091 | O | - | - | O |
| | 41 | (ဂင်ဟေး) အာအီဂျို မျှော်လင့်ချက် နှင့် အိပ်မက် စင်တာ ((Gimhae) Aijoa Hope and Dream Center) = ဂင်ဟေး ခရိုင်ပညာရေးရုံး ဝီ စင်တာ (Wee Center of Gimhae District Office of Education) | 4F, West Wing, 7, Saman-ro 24beon-gil,Gimhae-si, Gyeongsangnam-do, Korea | +82-70-8767-7576 | O | - | - | O |
| | 42 | (ဆာချွန်း) အာအီဂျို မျှော်လင့်ချက် နှင့် အိပ်မက် စင်တာ ((Sacheon) Aijoa Hope and Dream Center) = ဆာချွန်း ခရိုင်ပညာရေးရုံး ဝီ စင်တာ (Wee Center of Sacheon District Office of Education) | 85, Simsa-ro, Sacheon-si, Gyeongsangnam-do, Korea | +82-55-830-1544 | O | - | - | O |
| | 43 | (တောင်ယွန်း) အာအီဂျို မျှော်လင့်ချက် နှင့် အိပ်မက် စင်တာ ((Tongyeong) Aijoa Hope and Dream Center) = တောင်ယွန်း ခရိုင်ပညာရေးရုံး ဝီ စင်တာ (Wee Center of Tongyeong District Office of Education) | Tongyeong District Office of Education, 25-32, Jungnim 2-ro, Gwangdo-myeon, Tongyeong-si, Gyeongsangnam-do, Ko-rea | +82-55-650-8025 | O | - | - | O |
| | 44 | (ယန်စန်း) အာအီဂျို မျှော်လင့်ချက် နှင့် အိပ်မက် စင်တာ ((Yangsan) Aijoa Hope and Dream Center) = ယန်စမ်း ခရိုင်ပညာရေးရုံး ဝီ စင်တာ (Wee Center of Yangsan District Office of Education) | 2F, Yangsan District Office of Education, 53, Cheongnyong-ro, Mulgeum-eup, Yangsan-si, Gyeongsangnam-do, Korea | +82-55-379-3263 | O | - | - | O |
| | 45 | (မီယန်း) အာအီဂျို မျှော်လင့်ချက် နှင့် အိပ်မက် စင်တာ ((Milyang) Aijoa Hope and Dream Center) =မီယန်း ခရိုင်ပညာရေးရုံး ဝီ စင်တာ (Wee Center of Milyang District Office of Education) | 1F, Gifted Education Center, 1524, Miry-ang-daero, Sangnam-myeon, Miry-ang-si, Gyeongsangnam-do, Korea | +82-55-350-1490 | O | - | - | O |
| ဂျယ်ဂျူ-ဒို (၄) | 46 | ဂျယ်ဂျူ လူငယ် တိုင်ပင်အကြံပေးရေး နှင့် ရှင်လန်းချမ်းမြေ့ရေး စင်တာ (Jeju Youth Counseling & Welfare Center) | 3F, Danil Bldg., 395, Nohyeong-ro, Jeju-si, Jeju-do, Korea | +82-64-725-7999 | O | - | - | - |
| | 47 | ဂျယ်ဂျူ ဟေယန်းဘွတ်ဒူရင်း တိုင်ပင်အကြံပေးရေး စင်တာ (Jeju Haengbokdeurim Counseling Center) | 3F, Jeongdo Bldg., 5, Sammu-ro 1-gil, Jeju-si, Jeju-do, Korea | +82-64-752-5354 | O | - | - | - |
| | 48 | ဒေါင် လူငယ် တိုင်ပင်အကြံပေးရေး နှင့် ထောက်ပံ့ရေး စင်တာ (Daum Youth Counseling & Support Center) | 32, Seomun-ro, Seogwipo-si, Jeju-do, Korea | +82-64-762-1318 | O | - | - | - |
| | 49 | အင်မွန်စုပီဒါ (Inmunsupida) | 2F, 49, Gunam-ro, Jeju-si, Jeju-do, Korea | - | O | - | - | - |